# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


> **အလျှဒါနကို ဝမ်းမြောက်နိုင်၏**
>
> စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။
>
> လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် | ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (ဝ၅၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရုံးပိတ်ရက်များတွင် ပြည်သူများ ဖူးမြော်နိုင်ရန် အချိန်တိုးမြှင့်ဖွင့်လှစ်မည်

ရန်ကုန် နိုဝင်ဘာ ၂၄

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဘုရားဖူးပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် စနေ၊ တနင်္ဂနွေနှင့် အများပြည်သူရုံးပိတ်ရက် (အစိုးရရုံးပိတ်ရက်)များတွင် နံနက် ၅ နာရီမှ ည ၇နာရီအထိ ဖူးမြော်ချိန် တိုးမြှင့်ဖွင့်လှစ်မည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ယနေ့တွင် အသိပေးကြေညာထားသည်။

ရုံးပိတ်ရက်မဟုတ်သည့် ပုံမှန်နေ့ရက်များတွင် နေ့စဉ် နံနက် ၅ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားပြီး အများပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ လာရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။ **အောင်မြင့်**

## ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ပိုင်ကျုံမြို့နှင့် ကော့ကရိတ်မြို့နယ်တို့ကို ဆက်သွယ်ပေးသည့် ထီလုံ-တာပေါင်-ပတ-နဘူး-ကော့ကရိတ်(တံတားကျိုး)လမ်းပေါ်ရှိ ပတတံတားဖွင့်

ဘားအံ နိုဝင်ဘာ ၂၅

ကရင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၄)မှ တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်၊ ပိုင်ကျုံမြို့နှင့် ကော့ကရိတ်မြို့နယ်တို့ကို အဓိကဆက်သွယ်ပေးသော ထီလုံ-တာပေါင်-ပတ-နဘူး-ကော့ကရိတ် (တံတားကျိုး)လမ်းပေါ်ရှိ ပတတံတားဖွင့်ပွဲကို နိုဝင်ဘာ ၂၄ ရက်က ဖွင့်လှစ်ခဲ့သည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လုံခြုံမှုရှိမှသာ ဒေသတွင်းနေထိုင်သည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စံချိန်စံညွှန်းပြည့်မီပြီး အရည်အသွေးကောင်းမွန်စွာ တည်ဆောက်ပြီးစီးခဲ့သည့် ပတတံတားကို အခွန့်ရှည်စွာဖြင့် ရေရှည်အသုံးပြုနိုင်ရေးအတွက်

*စာမျက်နှာ ၅ ကော်လံ ၁*

## ယနေ့ ဖ တ် စ ရာ




ပညာတတ်များ၏ ကြီးပမ်းမှုကို ဂုဏ်ပြုသည့်နေ့ — ဆောင်းပါး၊ စာ - ၆

ဘာရာဇီးနိုင်ငံ၌ ၂၀၂၂ ကာနီဗယ်ပွဲတော်ကျင်းပခြင်းကို ကိုဗစ်-၁၉ ရောဂါကြောင့် ဖျက်သိမ်း — နိုင်ငံတကာသတင်း၊ စာ - ၁၄

မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်းမှ သုံးခွမြို့တွင် အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး — ပြည်တွင်းသတင်း၊ စာ - ၁၇

တစ်ရံတစ်ခါဆီက နဝမ်ခေါင် — ဆောင်းပါး၊ စာ - ၂၂



# ထာဝရ ဝံသာနုရက္ခိတ

တိုင်းရင်းသားလူမျိုးပေါင်းစုံ လူမျိုးစုပေါင်း ၁၀၀ ကျော်တို့ အတူတကွ နေထိုင်ကြသည့် မြန်မာနိုင်ငံတွင် အမျိုးသားရေးအယူဝါဒနှင့် အမျိုးသားရေးစိတ်ဓာတ်မှာ လွန်စွာအရေးကြီးသည်။ မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင်လည်း ၎င်းတို့၏ တိုင်းရင်းသားလူမျိုးများ ရှိနေကြပြီး တစ်ခုတည်းသော အမျိုးသားရေးစိတ်ဓာတ်များထားရှိကာ မိမိနိုင်ငံနှင့် မိမိလူမျိုးတို့ကို ချစ်မြတ်နိုးစွာဖြင့် ပေါင်းစည်းနေထိုင်လျက်ရှိကြသည်။

လူမျိုးနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ကြားချက်တစ်ခုတွင် "ရာဇဝင်ကြောင်းကို ပြန်ပြောင်း၍ ကြည့်ရှုမူ အမျိုး ဘာသာ သာသနာတို့သည် တည်တံ့၍မနေ၊ ရောနှောပျံ့နှံ့လျက်ရှိလေသည်။ ဘယ်နိုင်ငံတွင်မှ လူမျိုးတစ်မျိုးတည်း မရှိချေ။ လူမျိုးတစ်မျိုးတွင်လည်း အမျိုးမျိုးသော ဘာသာတရားတို့ကို အားထားယုံကြည်မှုရှိကြပြန်လေသည်။ ဥပမာအားဖြင့် အမေရိကန်နှင့် ဗြိတိသျှတို့သည် ဘာသာစကားတူ၏။ လူမျိုးတစ်မျိုးတည်း မဟုတ်ချေ။ ဆိုဗီယက်ရုရှားမှာမူကား လူမျိုးချင်းတူ၏။ ဘာသာသာစကားချင်းမတူကြချေ။ သို့ဖြစ်ရကား လူမျိုးဆိုသည်မှာ သုခဒုက္ခအတူ ခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။ အမျိုးအနွယ် ကိုးကွယ်သည့်ဘာသာတရား၊ ပြောဆိုသည့် ဘာသာစကားတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ ကောင်းတူဆိုးဖက် ပူးပေါင်းလျက်နေလိုသော အစဉ်အလာဆန္ဒပေါ်တွင် ဝံသနုရက္ခိတ တရားသည် တည်နေပေ၏။" ဟူ၍ ပြောကြားခဲ့သည်။ လူမျိုးမတူ၊ ဘာသာစကားမတူ၊ ကိုးကွယ်သည့် သာသနာကွဲပြားစေကာမူ သမိုင်းစဉ်တစ်လျှောက် အတူတကွနေထိုင်ခဲ့ကြခြင်း၊ ကံကြမ္မာအတူတူခံစားခဲ့ကြခြင်း၊ တစ်မျိုးတစ်စားတည်းဟူသောစိတ် ထားရှိခြင်းတို့ကသာ လူမျိုးကို ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း ဗိုလ်ချုပ်က ဖွင့်ဆိုခဲ့ခြင်းဖြစ်ပြီး မျိုးနွယ်တစ်ခုစီတို့၏ ဝိသေသလက္ခဏာများကို အသိအမှတ်ပြုခြင်းနှင့်အတူ စည်းလုံးညီညွတ်မှုကို အဓိကထားရန် မိန့်ကြားခဲ့ခြင်းလည်း ဖြစ်သည်။

၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာပြည်ကို သိမ်းယူလိုက်ကြောင်း ဗြိတိသျှတို့က ကြေညာလိုက်ပြီးနောက် ရုတ်တရက်ပြောင်းလဲသွားသည့် အခြေအနေကို နားမလည်ခြင်းကြောင့် မြန်မာလူထုမှာ လအနည်းငယ်ကြာမျှ တွေဝေငြိမ်သက်နေကြသည်။ ဗြိတိသျှတို့၏အုပ်ချုပ်ရေး ကျေးလက်ဒေသများသို့ ရောက်ရှိလာသည့်အခါတွင်မှ အခြေအနေအမှန်ကို သိလာကြသည်။ ဗြိတိသျှလူမျိုးထိပ်တန်းအရာရှိကြီးတစ်ဦးဖြစ်သော ဟာရိုးလ်ဖီးလ်ဒင်းဟော၏ အဆိုအရ "မြန်မာလူမျိုးတို့သည် မည်သည့် အုပ်ချုပ်မှုကိုမျှ အလိုရှိသော လူမျိုးမဟုတ်။ တိတိကျကျအားဖြင့် နိုင်ငံခြားသားများ၏ အုပ်ချုပ်ခြင်းကို နည်းနည်းမျှလိုလားကြသူများ မဟုတ်ကြ။ ထို့ကြောင့် မြန်မာတို့သည် အတိုက်အခိုက်ကျွမ်းကျင်သူများကို ခေါင်းဆောင်တင်မြှောက်ကာ ကျွန်ုပ်တို့ကို စတင်တိုက်ခိုက်ကြတော့သည်။ ဤနည်းဖြင့် မြန်မာပြည်အထက်ပိုင်း ဗန်းမော်မှ အလယ်ပိုင်း မင်းလှမြို့အထိ၊ ရှမ်းပြည်မှသည် ချင်းတောင်တန်းများအထိ တစ်ပြည်လုံး အုံးအုံးကျွက်ကျွက် ဆူပွက်ပုန်ကန် တိုက်ခိုက်ကြပါတော့သည်။"ဟု ကိုယ်တွေ့ရေးသားခဲ့သည်။

နယ်ချဲ့လက်အောက်သို့ အားမတန် မာန်လျှော့ ကျရောက်ခဲ့ရပြီးနောက် လွတ်လပ်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ကြရာတွင် အမျိုးသားရေးစိတ်ဓာတ် ပြန်လည်နိုးကြားရေးအတွက် လှုပ်ရှားမှုများမှာ ၁၉၀၀ ပြည့်လွန်နှစ်များတွင် စတင်ခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် နယ်ချဲ့အစိုးရကို ပထမဆုံးအကြိမ်အဖြစ် ဆန့်ကျင်ခဲ့သည့် ရန်ကုန်တက္ကသိုလ်သပိတ်ကြီး ပေါ်ပေါက်ခဲ့သည်။ မြန်မာသက္ကရာဇ်အားဖြင့် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့မှ အစပြုခဲ့သည့် အမျိုးသားအောင်ပွဲနေ့သည် ရာစုနှစ်တစ်ခုကို ဖြတ်သန်းကျော်လွန်ခဲ့ပြီဖြစ်သည်။ နောက်ထပ်လည်း ရာစုနှစ်ပေါင်းများစွာ အဓွန့်ရှည်အောင် လက်ဆင့်ကမ်းသွားကြရမည် ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦး ကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ်(သင်ကြား)ဒေါက်တာ ကေသီထွေး ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နိုင်ငံတကာယဉ်ကျေးမှုများဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ဖော်ဆောင်သည့်နှစ် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုထုတ်ဝေခဲ့သည့် "ကမ္ဘာတစ်လွှားရှိ မိတ်ဆွေများ" စာအုပ် ထုတ်ဝေဖြန့်ချိ




နေပြည်တော် နိုဝင်ဘာ ၂၅

အာရှနှင့် ပစိဖိတ်ဒေသအတွင်း နေထိုင်ကြသည့် လူပုဂ္ဂိုလ်များအကြား ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်စေရေးနှင့် ယဉ်ကျေးမှုများ အပြန်အလှန် နားလည်စေရေး ရည်ရွယ်ချက်ဖြင့် အာရှနှင့်ပစိဖိတ်ဒေသ ယဉ်ကျေးမှုဌာန ယူနက်စကို (ACCU) တိုကျို၊ ဂျပန်နိုင်ငံက ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများနှင့် ယူနက်စကိုတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကလေးလူငယ်စာစဉ်များကို ထုတ်ဝေခဲ့သည်။

အဆိုပါ စာစဉ်များအနက် အဖွဲ့ဝင်နိုင်ငံ ၁၄ နိုင်ငံမှ စာရေးသူများနှင့် သရုပ်ဖော်ပညာရှင်များ ပါဝင်အားဖြည့်ထားသည့် "Meet My Friends!" စာအုပ်ကို စာပေဗိမာန်၊ ဘာသာပြန်ဌာန စာတည်းများက မြန်မာဘာသာသို့ ဘာသာပြန်ဆို၍ "ကမ္ဘာတစ်လွှားရှိ မိတ်ဆွေများ"အမည်ဖြင့် ထုတ်ဝေလိုက်သည်။

"ကမ္ဘာတစ်လွှားရှိ မိတ်ဆွေများ" စာအုပ်တွင် နိုင်ငံ ၁၄ နိုင်ငံမှ လူပုဂ္ဂိုလ်များ၏ မတူညီသည့် ယဉ်ကျေးမှုအမျိုးမျိုး၊ လူနေမှုဘဝ၊ စားသောက်နေထိုင်မှုပုံစံ၊ ကစားနည်းအမျိုးမျိုးနှင့် ပွဲတော်သဘင်များကို ရှာဖွေလေ့လာနိုင်မည့်၊ မျှဝေခံစားနိုင်မည့် အခွင့်အရေးကို ကလေးလူငယ်များ ရရှိနိုင်မည်ဖြစ်သည်။

ဤစာအုပ်ကို ကျောင်းစာကြည့်တိုက် သို့မဟုတ် အိမ်များတွင် ထားရှိ၍ ဆရာ ဆရာမများ၊ လူကြီးမိဘများက ကလေးလူငယ်များ နိုင်ငံတကာယဉ်ကျေးမှုများကို နားလည်စေရေးအတွက် အသုံးပြုနိုင်ရန် ရည်ရွယ်ပါသည်။

"ကမ္ဘာတစ်လွှားရှိ မိတ်ဆွေများ" စာအုပ်ကို ကြွေစက္ကူရောင်စုံပုံများနှင့် ပုံနှိပ်ထားပြီး တန်ဖိုး ငွေကျပ် ၁၂၀၀ ဖြင့် ရန်ကုန်မြို့ အမှတ် ၅၂၉ - ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိစာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၅-၁၁-၂၀၂၁) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 2 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 3 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 4 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 5 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 6 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 7 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 8 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 9 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 10 | Injection – Levo–floxacin 500 mg | 1x1 | 3000 | Yadanar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mcc–pmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် နိုဝင်ဘာ ၂၅

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

## စိုက်ပျိုးရေးထုတ်ကုန်များ အရှုံးပေါ်မှုမရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန်လို

မိမိတို့တာဝန်ယူသည့် ကာလအတွင်း စိုက်ပျိုးရေးတောင်သူများအား ထောက်ပံ့ကြေးပေးခြင်း၊ ချေးငွေများထုတ်ပေးခြင်းနှင့် အခြား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များ အရှုံးပေါ်မှုမရှိစေရေးအတွက်လည်း စီမံဆောင်ရွက် ပေးရန်လိုကြောင်း၊ သွင်းအားစုများအသုံးပြုခြင်းနှင့် မျိုးကောင်းများ အသုံးပြုပြီး ကောက်ကွက်ပြည့်အောင် စနစ်တကျစိုက်ပျိုးခြင်းဖြင့်၊ စပါးများအထွက်နှုန်းတိုးစေရေး ဆောင်ရွက်နိုင်ခြင်းဖြင့် တောင်သူများ ဝင်ငွေပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ဆောက်လုပ်ရေးဝန်ကြီးဌာန Public Works Department ၏ (၁၃၅) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန Public Works Department ၏ (၁၃၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။ (ယာပုံ)

ရှေးဦးစွာ အခမ်းအနား ပထမပိုင်းအဖြစ် နေပြည်တော် ဥတ္တရသီရိခရိုင်ရှိ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက် ရေးဌာနခွဲ (Research Development Center) ကို ဒုတိယဝန်ကြီး ဦးမင်းထိန်၊ ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ အမြဲတမ်းအတွင်းဝန်(ငြိမ်း) ဦးဝင်းတင့်နှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ်(ငြိမ်း) ဦးခင်သက်တို့က သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ (Research Development Center) ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ ကမ္ပည်း မော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ (Research Development Center) အတွင်းရှိ Tensile Machine လက်တွေ့စမ်းသပ်သရုပ်ပြသနေမှုနှင့် Concrete Room, Soil Lab တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ လမ်းဦးစီးဌာန လမ်းခင်းပစ္စည်း အရည်အသွေးစမ်းသပ်ဓာတ်ခွဲခန်းကို ပြည်ထောင်စု ဝန်ကြီး ဦးရွှေလေး၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်(ငြိမ်း) ဦးဝင်းဖေနှင့် ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးအုန်းလွင်တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဓာတ်ခွဲခန်းအတွင်း လက်တွေ့သရုပ်ပြသမှုအား လှည့်လည်ကြည့်ရှုကြသည်။



ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန စာကြည့်တိုက်ဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီးက ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် စာကြည့်တိုက် အတွင်း ပြသထားသည့် ဆောက်လုပ်ရေးဝန်ကြီး ဌာန၏ နိုင်ငံ့စွမ်းဆောင်ရည် ဆုတံဆိပ်များ၊ ဦးစီး ဌာန (၅)ခုမှ ထားရှိသည့် နည်းပညာပိုင်းဆိုင်ရာ စာအုပ်များ၊ အင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ စာအုပ် များ၊ သုတေသနဖွံ့ဖြိုးရေးစာတမ်းစာအုပ်များ၊ အဆောက်အဦ၊ လမ်း၊ တံတားဒီဇိုင်းနှင့် စံချိန်စံညွှန်း စာအုပ်များ၊ သုတ၊ ရသစာအုပ်များ၊ ဝတ္ထု၊ မဂ္ဂဇင်း၊ ဆောင်းပါးများ၊ အထွေထွေဗဟုသုတရရှိစေမည့် စာအုပ်၊ စာစောင်များကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန Public Works Department ၏ (၁၃၅) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ဒုတိယ ပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက ယနေ့ဆောက်လုပ်ရေးဝန်ကြီးဌာန၏ (၁၃၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဂုဏ်ပြုသည့်အနေဖြင့် နေပြည်တော်ကောင်စီ နယ်မြေ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ Research & Development Center ကို ဖွင့်လှစ်ခြင်း၊ လမ်းဦးစီးဌာန၊ လမ်းခင်းပစ္စည်းအရည်အသွေး စမ်းသပ်ဓာတ်ခွဲခန်းကို ဖွင့်လှစ်ခြင်း၊ ဆောက်လုပ် ရေးဝန်ကြီးဌာန စာကြည့်တိုက်ကို ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ယနေ့အခမ်းအနားတွင် ဝန်ကြီးဌာန၏ ထူးချွန် သူများ၊ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်သူများ ကိုလည်း ဂုဏ်ပြုပေးသွားမည်ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် သမိုင်း ကြောင်းရှည်လျားစွာ မားမားမတ်မတ် ရပ်တည် လာခဲ့သော ဌာနကြီးတစ်ခုဖြစ်ပြီး နိုင်ငံတော်၏ အားကိုးအားထားပြုနိုင်သည့်၊ ပြည်သူလူထုက ယုံကြည်အားကိုးသည့် ဂုဏ်သိက္ခာရှိသောဝန်ကြီး ဌာနအဖြစ် နောင်နှစ်ပေါင်းများစွာ ဆက်လက်ဖြစ် တည်နိုင်ရေးအတွက် ယခု တာဝန်ထမ်းဆောင်နေသူ အရာထမ်း/အမှုထမ်းများမှ နောင်မျိုးဆက်သစ် များကို တိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ အရည်အချင်းပြည့်မီသူများအဖြစ် ပြုစုပျိုးထောင်၍ ခေတ်အဆက်ဆက် ပခုံးပြောင်းတာဝန်များ လွှဲပြောင်းထမ်းဆောင်သွားကြရန် မှာကြား လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမင်းထိန်က ဝန်ကြီး ဌာန၏ ဆောင်ရွက်ချက်များကို အကျဉ်းချုပ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး က ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) သို့ တက်ရောက်ခဲ့ပြီး ဒုတိယဆုရရှိသူတစ်ဦးကို လည်းကောင်း၊ ဦးစီးဌာနများမှ လုပ်ငန်းခွင်အတွင်း စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဝန်ထမ်း များကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမင်းထိန်က ရုံးချုပ် နှင့် တိုင်းဒေသကြီး/ပြည်နယ် (၁၇)ခုတို့မှ နည်းပညာ ဆိုင်ရာ စာတမ်းဖတ်ပွဲတွင် ထူးချွန်ဆုရရှိသူများကို လည်းကောင်း၊အမြဲတမ်းအတွင်းဝန် ဦးအောင်မြင့်ဦး က နည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲတွင် စာတမ်း ဖတ်ကြားသည့် ပြည်ထောင်စုဝန်ကြီးရုံး ၊ အဆောက် အဦ ဦးစီးဌာန ၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ စာတမ်းရှင်(၃၄)ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန Public Works Department ၏ သမိုင်းကြောင်း နှင့် ပြည်ထောင်စုဝန်ကြီးရုံး ၊ အဆောက်အဦဦးစီး ဌာန ၊ လမ်းဦးစီးဌာန ၊ တံတားဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာနတို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် တိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး နှင့် ဧည့်သည်တော်များသည် ဆောက်လုပ်ရေး ဝန်ကြီးဌာန Public Works Department ၏ (၁၃၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဆောင်ရွက် ခဲ့သော မှတ်တမ်းဓာတ်ပုံများနှင့် ပုံစံငယ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းတော်လေးအင်းအတွင်း ငါးကောင်ရေ နှစ်သိန်းကျော် ငါးမျိုးစိုက်ထည့်

**အင်းလေး နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာ ခရိုင် အင်းတော်မြို့နယ်အတွင်းရှိ အင်းတော်လေး အင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါအင်းအတွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမင်းနိုင်အောင်နှင့် အဖွဲ့ဝင်များ၊ ကသာခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းလှအောင်နှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အင်းတော်လေးအင်းအတွင်း၌ ငါးလုပ်ငန်း ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေပြီး ငါးရိက္ခာဖူလုံစေရန်၊ ငါးလုပ်ငန်းကို အခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူဖြစ်စေရန်အတွက် အဆိုပါ အင်းအတွင်းသို့ ငါးကြင်းမျက်ဆန်နီကောင်ရေ ၁၁၀၀၀၀ နှင့် ငါးခုံးမကြီးကောင်ရေ ၁၀၀၀၀၀ စုစုပေါင်း ငါးကောင်ရေ ၂၁၀၀၀၀ စိုက်ထည့်ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**



# အာရှနှင့် ပစိဖိတ် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိ



နေပြည်တော် နိုဝင်ဘာ ၂၅

**ပစိဖိတ်– အာရှခရီးသွားလုပ်ငန်းအဖွဲ့ (PATA) မှ ဦးဆောင်၍ Ministry of Tourism, Arts & Culture Sarawak နှင့် Sarawak Tourism Board တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် Virtual PATA Destination Marketing Forum–2021 ကို နိုဝင်ဘာ ၂၅ ရက်မှ ၂၆ ရက် အထိ မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ် ကူချင်းမြို့တွင် ကျင်းပလျက်ရှိသည်။**

အဆိုပါအဖွဲ့၏ ဖိတ်ကြားချက်အရ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာထွေးအောင် ဦးဆောင်၍ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင် တက်ရောက်ကြသည်။

ဖိုရမ်၏ပထမနေ့ နံနက် ၇ နာရီခွဲ၌ ပစိဖိတ်–အာရှခရီးသွားလုပ်ငန်းအဖွဲ့ Pacific Asia Travel Association (PATA) မှ Communication & External Affairs ၏ ညွှန်ကြားရေးမှူး Mr.Paul Pruangkarn က ဖိုရမ်နှင့်ပတ်သက်၍ မိတ်ဆက် ရှင်းလင်းတင်ပြခြင်း၊ ဆာရာဝပ်ပြည်နယ် ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့၏ဥက္ကဋ္ဌ Mr. Dennis Ngau နှင့် PATA ၏ CEO, Ms. Liz Ortiguera တို့က နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ Twenty 31 Consulting Inc ၏ Partner, Mr. Greg Klassen က Moving Beyond Destination Marketing to Destination Management ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခြင်း၊ Palau Visitors Authority ၏ Managing Director, Mr. Kadoi Ruluked က Destination Case Studies on Sustainability from Asia Pacific ခေါင်းစဉ်ဖြင့် Palau ၏ ခရီးသွားလုပ်ငန်းအခြေအနေများကို ရှင်းလင်းဆွေးနွေးခြင်း၊ BBC Travel Editor, Anns Banas က Crafting Stories for Destinations ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးခြင်း၊ Khiri Travel ၏ CEO and Co–Founder, Willem Niemeijer က How an Accommodation Looks to Change the World ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးခြင်း၊ Virtual Tour များပြသခြင်းနှင့် ဖိုရမ်ပထမနေ့ ဆွေးနွေးမှုများကို ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ဖိုရမ်၏ ဒုတိယနေ့အစီအစဉ်များတွင် မော်လ်ဒိုက်နိုင်ငံ၊ ခရီးသွားလာရေးဝန်ကြီးဌာနမှ ဝန်ကြီး Dr. Abdulla Mausoom က အဖွင့်အမှာစကားပြောကြားခြင်း၊ သီရိလင်္ကာခရီးသွားလုပ်ငန်းမြှင့်တင်ရေးအဖွဲ့၏ ခရီးသွားဈေးကွက် ညွှန်ကြားရေးမှူး Mr. Dushan Wickramasuriya တို့က Best Practices of COVID–19 Recovery ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်း၊ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးခြင်း၊ Ministry of Tourism, Arts and Culture နှင့် Ministry of Youth and Sports Sarawak ၏ ဝန်ကြီး Dato Sri Haji Abdul Karim Rahaman Hamzah က နိဂုံးချုပ်အမှာစကားပြောကြားခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်သည်။

ပစိဖိတ်–အာရှ ခရီးသွားလုပ်ငန်းအဖွဲ့သည် ၁၉၅၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အာရှနှင့် ပစိဖိတ် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် အစိုးရနှင့် ခရီးသွားလုပ်ငန်းကဏ္ဍမှ အဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါ အဖွဲ့အစည်းသည် အဖွဲ့ဝင်နိုင်ငံများကို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ ပံ့ပိုးပေးခြင်း၊ သုတေသနနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဆန်းသစ်တီထွင်မှုများ ဆောင်ရွက်ရန် အတွေ့အကြုံနှင့် ဗဟုသုတများ မျှဝေပေးလျက်ရှိသည်။ လက်ရှိတွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံပေါင်း ၈၂ နိုင်ငံ၊ နိုင်ငံတကာလေကြောင်းလိုင်း ၁၄ လိုင်း၊ ဧည့်ဝန်ဆောင်မှုဆိုင်ရာ အသင်းအဖွဲ့ ၇၁ ဖွဲ့၊ ပညာရေးဆိုင်ရာ အဖွဲ့အစည်း ၇၅ ခုနှင့် တစ်ကမ္ဘာလုံးမှ ထောင်ပေါင်းများစွာသော လူငယ်များဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၅ ခုနှစ်မှစတင်၍ PATA သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၂၁)နှင့် ဆက်စပ်အစည်းအဝေးများကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၅**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၂၁) ပထမနေ့ကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်၌ကျင်းပရာ ဗဟိုကောင်စီဝင် ၆၂ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ၂၁ ဖွဲ့တို့မှ အဖွဲ့ဝင်များနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ သဘာပတိ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မြဝင်း (အငြိမ်းစား)နှင့် သဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် ဗဟိုအမှုဆောင်အဖွဲ့ဝင် တွဲဖက်အတွင်းရေးမှူး (၂) ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (အငြိမ်းစား)နှင့် ရောဝတီတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး နေဝင်း (အငြိမ်းစား)တို့က သတ်မှတ်နေရာများတွင် နေရာယူကြသည်။

ထို့နောက် သဘာပတိ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မြဝင်း(အငြိမ်းစား)က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုကောင်စီ၏ အစီရင်ခံစာနှင့် ဗဟိုအမှုဆောင်အဖွဲ့၏ စာတမ်းကို ဗဟိုအမှုဆောင်အဖွဲ့ဝင် တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်မှူးချုပ်မြင့်ဟိန်း (အငြိမ်းစား)က ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဝင်များ ရွေးကောက်တင်မြှောက်ခြင်း၊ ဗဟိုကောင်စီဝင်များ၏ အမည်စာရင်းအား ကြေညာခြင်း၊ ကတိသစ္စာပြုခြင်းများ ဆောင်ရွက်ကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ညီလာခံခေတ္တရပ်နားစဉ် ဗဟိုကောင်စီအစည်းအဝေးနှင့် ဗဟိုအမှုဆောင်အစည်းအဝေးများကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရှိ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပကြသည်။

ထို့နောက် ညီလာခံဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ဗဟို အမှုဆောင်အဖွဲ့ဝင်များ၏ အမည်စာရင်းကြေညာခြင်း၊ ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၏ ရာထူး/တာဝန်များကြေညာခြင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ နာယကအဖွဲ့များရွေးချယ်ခြင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ နာယကအဖွဲ့များ ရွေးချယ်ခြင်းများဆောင်ရွက်ကြပြီး ညီလာခံပထမနေ့ အစီအစဉ်များကို ရပ်နားသည်။

ညီလာခံ(၂၀၂၁)ပထမနေ့တွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဥပဒေ (၁၉၈၉)၏ အခန်း(၄)၊ အပိုဒ်(၁၃)အရ ဗဟိုကောင်စီဝင် ၇၆ ဦးကိုလည်းကောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများ အပိုဒ်၊ ၄၈ နှင့် စည်းရုံးရေးညွှန်ကြားလွှာ အခန်း(၄)၊ အပိုဒ် ၇၉(ခ) အရ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင် ၃၄ ဦးကိုလည်းကောင်း ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မူဆယ်မြို့၌ ပန်းခင်းစီမံချက် အသိပညာပေး ဆွေးနွေးပွဲကျင်းပ




**မူဆယ် နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ ပန်းခင်းစီမံချက်နှင့် ပတ်သက်၍ အသိပညာပေး Talk Show ဆွေးနွေးပွဲကို Community Center Room တွင် ယနေ့နံနက် ၁၁ နာရီက ကျင်းပသည်။

အသိပညာပေး ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက အသိပညာပေး Talk Show ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်တာက ပန်းခင်းစီမံချက်နှင့် ပတ်သက်သည့် နိုင်ငံတော်၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များ၊ "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ် ကိုင်ဆောင်စို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံသား ပြည်သူတို့၏ အကျိုးအတွက် မိမိတို့ဌာနမှ ပြည်သူများအား ဝန်ဆောင်မှုများပေးနေမှု အခြေအနေများ၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် အသက် ၁၆ နှစ်မှ ၁၈ နှစ်နှင့်အထက် နိုင်ငံသားများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပေးနေမှုများကို အသိပညာပေး ဆွေးနွေးသည်။ **(ဝဲအစွန်ပုံ)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူများအတွက် အသိပညာပေး Talk Show အစီအစဉ်များကို ရိုက်ကူး၍ Online စာမျက်နှာများမှတစ်ဆင့် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အယ်လ်စိုး(မူဆယ်)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

---

❒ *ရှေ့ဖုံးမှ*

ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြဖို့ မေတ္တာရပ်ခံလိုကြောင်း၊ ပတတံတား တည်ဆောက်ဖွင့်လှစ်နိုင်ရေးအတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့ကြသည့် တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း တံတားဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် ပတတံတားသည် အရှည်ပေ ၃၀၀၊ အကျယ် ၃၁ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေကျပ်သန်း ၁၂၀၀ ကျော်ခန့် အကုန်အကျခံတည်ဆောက်ခဲ့ကာ ဘားအံ-လှိုင်းဘွဲလမ်း၊ ဘားအံ-ကော့ကရိတ်-မြဝတီလမ်းအစရှိသည့် ကုန်သွယ်ရေးလမ်းကြောင်းများနှင့် ချိတ်ဆက်တည်ရှိသော လမ်းပိုင်းတွင်ပါဝင်သည့်အတွက် ဒေသထွက်ကုန်စည်များ ကူးသန်းတင်ပို့ရာတွင် လွယ်ကူလျင်မြန်စေမည်ဖြစ်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်သည်။

အဆိုပါတံတားကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ခင်ဇော်၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)ဥက္ကဋ္ဌ စောထော့လေး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ ကရင်အမျိုးသားအစည်းအရုံး(KNU) နဘူးမြို့နယ်ဥက္ကဋ္ဌ ပဒိုစောတာစော၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ် အမှတ်(၂) တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး စောကြာအင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ညွှန်ကြားရေးမှူးတို့က ပတတံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး(အပေါ်ပုံ)ပြည်နယ်ဝန်ကြီးချုပ်က ပတတံတားကျောက်စာတိုင်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



---

# ၂၀၂၁ ခုနှစ် (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၂၁ ခုနှစ် (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကျင်းပရေး ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ အမျိုးသားအောင်ပွဲနေ့ကျင်းပရေး ဗဟိုကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(ယာပုံ)**




ရှေးဦးစွာ အမျိုးသားအောင်ပွဲနေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် အမျိုးသားနေ့၏ အဓိပ္ပာယ်နှင့် အနှစ်သာရတစ်ရပ်လုံး အမျိုးသားအောင်ပွဲများကို ပိုမိုသိရှိနားလည်ပြီး အမျိုးသားရေးစိတ်ဓာတ် ပိုမိုရင့်သန်ခိုင်မာလာစေရေးအတွက် ၂၀၂၁ ခုနှစ် (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို အမျိုးသားနေ့ဆောင်ပုဒ်နှင့် ဦးတည်ချက်များနှင့်အညီ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားအောင်ပွဲနေ့ကျင်းပရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူးက ၂၀၂၀ ပြည့်နှစ် နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကျင်းပပြီးစီးမှု အစီရင်ခံစာကို ကောက်နုတ်တင်ပြသည်။ ယင်းနောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက ၂၀၂၁ ခုနှစ် (၁၀၁) နှစ်မြောက်အမျိုးသားအောင်ပွဲနေ့စီမံချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသူများက အမျိုးသားအောင်ပွဲနေ့ကျင်းပရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး အမျိုးသားအောင်ပွဲနေ့ ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌက ပြန်လည်ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပညာတတ်များ၏ ကြိုးပမ်းမှုကို ဂုဏ်ပြုသည့်နေ့

*ဒေါက်တာမောင်သင်း (ပါမောက္ခချုပ် (ငြိမ်း)၊ မန္တလေးတက္ကသိုလ်)*

မြန်မာ့သမိုင်းကို ပြောင်းလဲစေသည့် တက္ကသိုလ်ကျောင်းသား ပညာတတ်များ၏ လှုပ်ရှားမှု ပညာရေးလောကတွင် ပေါ်ပေါက်ခဲ့သည်။ တစ်မျိုးသားလုံး အားပေးခဲ့သည်။ ပြီးတော့ ဂုဏ်ပြုခဲ့ကြသည်။ ဘာကြောင့် ဂုဏ်ပြုရပါသလဲ။ အမျိုးသားရေးကို ဆုပ်ကိုင်လှုပ်ရှားခဲ့ကြလို့ပါ။ ပညာတတ်များ၏ ထိုလှုပ်ရှားမှုသည် မြန်မာတစ်ပြည်လုံးကို အမျိုးသားရေးအမြင် နိုးကြားစေခဲ့သည်။ ပညာတတ်ဆိုတာ အမျိုးသားရေးကိုသာ သစ္စာခံသူ၊ အမျိုးသားရေးကို တစ်ဘဝစာ စား၊ ဝတ်၊ နေရေး ပြေလည်ရုံမျှဖြင့် မလဲသူ၊ အမျိုးသား အကျိုးစီးပွားကို ထိန်းသိမ်းကာကွယ်သူများပါဟု ပြဆိုခဲ့သည့်နေ့ ဖြစ်နေ၍ ဂုဏ်ပြုခဲ့ခြင်း ဖြစ်ပေသည်။ ထိုနေ့သည်ကား ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ပါ။ ပညာတတ်များ၏ ကြိုးပမ်းမှုကို ဂုဏ်ပြုလိုက်သည်ကား "အမျိုးသားနေ့" (သို့မဟုတ်) "အမျိုးသား အောင်ပွဲနေ့" ပင် ဖြစ်ပါသည်။ နှစ်ပေါင်း ၁၀၁ နှစ်ပင် ကြာရှည်ခိုင်မြဲခဲ့ပါပြီ။

ထိုနေ့တွင် ကိုလိုနီနယ်ချဲ့ဝါဒ သက်ဆိုးရှည်ရန်၊ တက္ကသိုလ်ပညာရေးကို ဉာဏ်ပညာထက်မြက်သည့် မြန်မာလူငယ်များ လက်လှမ်းမမီနိုင်အောင် ချမ်းသာ ချောင်လည်သူများနှင့် ဗျူရိုကရက်ကြီးများ၏ အဆက်အနွယ်များသာ တက်နိုင်ရန်နှင့် အုပ်စိုးသူ စိတ်ကြိုက် စီမံထားသည့် **"၁၉၂၀ ခုနှစ် ရန်ကုန် တက္ကသိုလ်အက်ဥပဒေ"** ကို မြန်မာတက္ကသိုလ်ကျောင်းသားများက ကန့်ကွက်ခဲ့ခြင်းဖြစ်ပါသည်။ ရိုးရိုး သပိတ်မှောက်ပွဲ မဟုတ်ခဲ့ပါ။ ကိုလိုနီနယ်ချဲ့ဝါဒီနှင့် အမျိုးသားရေးဝါဒီတို့ အားပြိုင်တဲ့ပွဲပါ။ ထိုပွဲတွင် ပညာတတ်တက္ကသိုလ်ကျောင်းသားများသည် အမျိုးသားရေးဘက်မှ ရှေ့တန်းက ရဲရဲရင့်ရင့် ဦးဆောင်ပါဝင်ခဲ့ပါသည်။

ကျွန်အမှောင်ခန်းတွင်းက မြန်မာများကို အမျိုးသားရေး အလင်းရောင် စတင်ထွန်းညှိပေးခြင်းဖြစ်၍ ကိုလိုနီဘဝမှ လွတ်မြောက်ရန် မြန်မာတွေ စတင်နိုးထသည့်နေ့ဟု ဆိုအပ်ပေသည်။ ထိုအားပြိုင်ပွဲတွင် အမျိုးသားဝါဒီတို့က အခိုင်းခံကျွန်ပညာရေးနှင့်အပြိုင် အမျိုးသားအကျိုးစီးပွားကို ဦးတည်သည့် "အမျိုးသားပညာရေး" ကို အချိန်တိုအတွင်း နိုင်ငံအနှံ့ ဖော်ထုတ်အကောင်အထည်ဖော်ခဲ့ပေသည်။ ထိုနေ့သည် မြန်မာ့မြေပေါ်က ကျွန်မွေးစီမံကိန်း မအောင်မြင်ကြောင်းနှင့် ကိုလိုနီဝါဒ ကျဆုံးကြောင်း သမိုင်းမှတ်တမ်း စတင်သည့်နေ့လည်း ဖြစ်သကဲ့သို့ မြန်မာ့လွတ်လပ်ရေး နိဒါန်း စဖွင့်သည့်နေ့လည်း ဖြစ်ပေသည်။

**မွေးတုန်းကကျွန်၊ ရလာတော့သခင်တွေ**

ရန်ကုန်တက္ကသိုလ်စဖွင့်သည့် ရည်ရွယ်ချက်မှာ မက္ကောလေး၏ အိန္ဒိယတွင် ၁၈၃၅ ခုနှစ်က တင်သွင်းခဲ့သော အစီရင်ခံစာပါ "အသားအရောင်အားဖြင့် ညိုသော်လည်း အင်္ဂလိပ်စာပေကို ကျွမ်းကျင်ပြီး အင်္ဂလိပ်တို့ကဲ့သို့ တွေးခေါ်ကာ အင်္ဂလိပ်စိတ် ပေါက်နေသည့် ဒေသခံတိုင်းရင်းသား လူတန်းစားတစ်ရပ် မွေးထုတ်၍ ထိုလူတန်းစားကို တိုင်းရင်းသားများနှင့် အုပ်စိုးသူတို့အကြားတွင် ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်စေရန် ဖြစ်ပါသည်" ဟူသည့် မူအရ ဖွင့်လှစ်ခြင်းဖြစ်ပါသည်။ ကိုလိုနီကျွန်ပြုယန္တရားကြီး ကောင်းမွန်စွာ ဆက်လက်လည်ပတ်နိုင်ရေးအတွက် အလုပ်အကျွေးပြုမည့် အလိုတော်ရိများကို ရန်ကုန်တက္ကသိုလ် ဖွင့်လှစ်ပြီး မွေးထုတ်ရန် စီမံခဲ့ခြင်းဖြစ်ပါသည်။ သို့သော် ဗြိတိသျှတို့၏ မြန်မာနိုင်ငံအတွင်း "ကျွန်မွေးမြူရေး စီမံကိန်း" တာထွက်မကောင်းခဲ့ပါ။ ရန်ကုန် တက္ကသိုလ် စဖွင့်မည့်နေ့မတိုင်မီ နှစ်ရက်အလိုတွင် တက္ကသိုလ်ဥပဒေကို ကျောင်းသားများက ဆန့်ကျင်ခဲ့ကြပါသည်။ ဤလှုပ်ရှားမှုသည် "မြန်မာများရဲ့ လွတ်လပ်ရေးမင်္ဂလာနိဒါန်း" (သို့မဟုတ်) ခေတ်ပညာတတ် တက္ကသိုလ်ကျောင်းသား အမျိုးသားဝါဒီများရဲ့ ကိုလိုနီဆန့်ကျင်ရေး အစပြုခြေလှမ်းပါ။

ရန်ကုန်တက္ကသိုလ် ကျောင်းသားလှုပ်ရှားမှုကြောင့် အမျိုးသားကျောင်းများ ပေါ်ပေါက်ခဲ့ပါသည်။ သပိတ်မှောက်ကျောင်းသားများက ထိုကျောင်းများတွင် ကျောင်းအုပ်ကြီးများ၊ ဆရာများဝင်လုပ်ရင်း မျိုးချစ်စိတ်ဓာတ် နိုးကြားအောင် ဆက်လက်လှုံ့ဆော်ပေးခဲ့ကြသည်။ ထိုအဆင့်တွင် မရပ်နေပါ။ အမျိုးသားပညာရေးမှသည် အမျိုးသားလွတ်မြောက်ရေးဆီသို့ ဆက်လက်တက်လှမ်းခဲ့ကြပေသည်။ ဤသို့ဖြင့် အမျိုးသားပညာရေးက ခိုင်မာပြတ်သားသည့် အမျိုးသားလွတ်မြောက်ရေးကို ဦးဆောင်မည့် လွတ်လပ်ရေးခေါင်းဆောင် ပထမမျိုးဆက်ကို မွေးထုတ်ပေးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဝင်း၊ ဦးနု၊ ဦးရာဇတ်နှင့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာနှင့် ဗိုလ်ဇေယျတို့သည် ထင်ရှားသည့် အမျိုးသားကျောင်းထွက်များ ဖြစ်ကြသည်။

အမျိုးသားကျောင်းထွက်များသည် တက္ကသိုလ်တက်ရောက်သည့် အခါတွင်လည်း တက္ကသိုလ်ကျောင်းသားသမဂ္ဂတွင် ဝင်ရောက်နေရာယူကာ အမျိုးသားရေးစိတ်ဓာတ်ကို ကျောင်းသားထုအတွင်း ပြန့်ပွားအောင် လှုံ့ဆော်ခဲ့သည်။ အခြားသော အမျိုးသားလွတ်မြောက်ရေးအဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် မြန်မာ့လွတ်လပ်ရေး ခေါင်းဆောင် ပထမမျိုးဆက်များသည် ရန်ကုန်တက္ကသိုလ် ကျောင်းထွက်များ ဖြစ်ကြသည်။ မက္ကောလေး၏ ကိုလိုနီဝါဒမူဖြင့် ဖွင့်လှစ်ခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် ပွဲအစမှာပင် မျိုးချစ်ဝါဒီ ပညာတတ်များ၏ အလဲထိုးခြင်းကို ခံလိုက်ရသည်။ မှန်းချက်နှင့် နှမ်းထွက် မကိုက်ခဲ့ပေ။ မွေးတုန်းက ကျွန် မြို့ပိုင်၊ နယ်ပိုင် စသည့် ဒေသခံ ဗျူရိုကရက်များ ဖြစ်လာစေရန်ပါ။ ရလာတော့ အင်္ဂလိပ်ကို လွတ်လပ်ရေးအတွက် ရှေ့တန်းက တိုက်ခဲ့သည့် တက္ကသိုလ်ကျောင်းထွက် ခေါင်းဆောင် သခင်မျိုးဆက်တွေပါ။ ထိုခေါင်းဆောင်များသည် သူတို့နှင့်အတူ မြန်မာအားလုံးကို လွတ်လပ်သည့်သခင်ဘဝရောက်အောင် ဆောင်ကြဉ်းခဲ့ပါသည်။ ကျွန်မွေးရန် ရန်ကုန်တက္ကသိုလ်ဖွင့်သည့် ရလဒ်က မြန်မာတွေကို လွတ်လပ်သည့်သခင်ဘဝ ပြန်လည်ရရှိစေပါသည်။ ပညာသည်တန်ခိုး (Knowledge is Power) ဟု အတွေးအခေါ် ပညာရှင်ကြီး ဘေကွန် (Bacon) ၏ အဆိုအတိုင်းပါပဲ။ ပညာတတ်လာတော့ ကျွန်မြို့အုပ်၊ နယ်ပိုင် စသည့် ပဋိညာဉ် ဝန်ထမ်းတို့ဟာလည်း စား၊ ဝတ်၊ နေရေး ပြေလည်ရုံသာရှိသည့် ကျွန်ဘဝဆိုတာသိပြီး လွတ်လပ်တဲ့သခင် မြန်မာတွေ ဖြစ်ချင်လာပါတော့သည်။ သို့အတွက် "ပညာရေးတိုက်ပွဲ" ကို တက္ကသိုလ်မဖွင့်မီ နှစ်ရက်အလိုကတည်းက ဆင်နွှဲခဲ့တာမို့ "လွတ်လပ်ရေး ရောင်ခြည်အစ တက္ကသိုလ် ကျောင်းသားသပိတ်က" (သို့မဟုတ်) "လွတ်လပ်ရေး သန္ဓေအစ ပညာရေးလှုပ်ရှားမှုက" ဟု မော်ကွန်းတင်ချင်ပါသည်။

လွတ်လပ်ရေးသန္ဓေအစဟု ဆိုရခြင်းမှာ ထိုလှုပ်ရှားမှုသည် တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်ပြီး ရပ်မသွားခဲ့ပေ။ လှုပ်ရှားမှုနှင့်အတူ အမျိုးသားကျောင်းများ ပေါ်ပေါက်ခဲ့ကာ ထိုကျောင်းများက "အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်သူများ" ကို မွေးဖွားပေးခဲ့ပါသည်။ ထိုသူများ တက္ကသိုလ်ရောက်သည့်အခါတွင်လည်း ကျောင်းသားသမဂ္ဂတွင် ဝင်ရောက်နေရာယူကာ တက္ကသိုလ် ပရိဝုဏ်မှ တစ်ဆင့် တစ်နိုင်ငံလုံး အမျိုးသားရေးစိတ်ဓာတ်၊ လွတ်လပ်ရေးစိတ်ဓာတ် ပြန့်ပွားအောင် လှုံ့ဆော်ရင်း ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ သာဓကအားဖြင့် ၁၉၃၆ ခုနှစ် ဒုတိယ ကျောင်းသားသပိတ်တွင် တက္ကသိုလ်ကျောင်းသားများသည် သခင်အဖွဲ့နှင့်လည်းကောင်း၊ ၁၉၃၈ ခုနှစ် တတိယကျောင်းသားသပိတ်တွင် အလုပ်သမား၊ လယ်သမားများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်းတို့သည် ပထမ ကျောင်းသားသပိတ်မှ လွတ်လပ်ရေး သန္ဓေသားကို ဆက်လက်ကြီးထွားဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ခဲ့ကြခြင်း ဖြစ်ပေသည်။

**အမျိုးသားပညာရေးနှင့် အမျိုးသားကျောင်းများ**

ထိုနေ့မတိုင်မီက ရန်ကုန်မြို့ရှိ အလုံကူရှင်ဟိုက်စကူးကျောင်းသားများ သပိတ်မှောက်ကြသည်။ ထိုသပိတ်တွင် ပါဝင်သည့် ဟိုက်စကူးကျောင်းသားများကလည်း တက္ကသိုလ်ကျောင်းသားသပိတ်နှင့်

*စာမျက်နှာ ၇ သို့*



၁၉၂၀ ပြည့်နှစ် သပိတ်၏ အသီးအပွင့်များအဖြစ် မြန်မာပြည်အရပ်ရပ်တွင် အမျိုးသားကျောင်းများ ပေါ်ပေါက်ခဲ့ရာ အမျိုးသားကျောင်းများ၏အစ ရန်ကုန်မြို့ရှိ မြို့မကျောင်းပုံ။
ဓာတ်ပုံ – ဝီကီပီးဒီးယား

**❑ မြန်မာ့လွတ်လပ်ရေးခေါင်းဆောင် ပထမမျိုးဆက်များသည် ရန်ကုန်တက္ကသိုလ် ကျောင်းထွက်များဖြစ်ကြသည်။ မက္ကောလေး၏ ကိုလိုနီဝါဒမူဖြင့် ဖွင့်လှစ်ခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် ပွဲအစမှာပင် မျိုးချစ်ဝါဒီ ပညာတတ်များ၏ အလဲထိုးခြင်းကို ခံလိုက်ရသည်။ မှန်းချက်နှင့်နှမ်းထွက် မကိုက်ခဲ့ပေ။ မွေးတုန်းက ကျွန်၊ မြို့ပိုင်၊ နယ်ပိုင် စသည့် ဒေသခံ ဗျူရိုကရက်များ ဖြစ်လာစေရန်ပါ။ ရလာတော့ အင်္ဂလိပ်ကို လွတ်လပ်ရေးအတွက် ရှေ့တန်းက တိုက်ခဲ့သည့် တက္ကသိုလ်ကျောင်းထွက် ခေါင်းဆောင် သခင်မျိုးဆက်တွေပါ။ ထိုခေါင်းဆောင်များသည် သူတို့နှင့်အတူ မြန်မာအားလုံးကို လွတ်လပ်သည့် သခင်ဘဝရောက်အောင် ဆောင်ကြဉ်းခဲ့ပါသည်**

## ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး။
★ ပြည်ထောင်စုတစ်ဝန်းလုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာအဆင့် မြှင့်တင်ဆောင်ရွက်ရေး။
★ မျိုးချစ်စိတ်ဓာတ်ကို အရင်းခံသည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထက်မြက်ရေး။
★ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းစွာဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ရေး။

## ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံသာယာဝပြောဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၈-၁၁-၂၀၂၁)

*စာမျက်နှာ ၆ မှ*

ပူးပေါင်းပါဝင်ကြသည်။ သို့အတွက် ထိုကျောင်းသားများ၏ ကျောင်းမတက်ရသည့် ရက်သည် ရှည်ကြာလာ၏။ မိဘများက စာမသင်ရမှာ၊ စာမတတ်မှာ စိုးရိမ်လာကြသည်။ သို့ဖြစ်၍ မိဘများ၊ ရပ်မိရပ်ဖများ၊ သပိတ်မှောက်တက္ကသိုလ်ကျောင်းသားများ ပူးပေါင်းကာ အမျိုးသားကျောင်းများ ဖွင့်ကြသည်။ အမျိုးသားပညာရေးကောင်စီကို ဖွဲ့စည်းပြီး စနစ်တကျ တစ်တိုင်းပြည်လုံး ဖွင့်လှစ်နိုင်ခဲ့သည်။ သင်ရိုးများကလည်း "အမျိုးသားရေး အသိဉာဏ်ထွန်းလင်းစေရေး" ကို ဦးတည်ထားပါသည်။ သပိတ်မှောက်ကျောင်းသား ခေါင်းဆောင်များ ကိုယ်တိုင်ကလည်း အမျိုးသားကျောင်းအုပ်များနှင့် ဆရာများအဖြစ် တာဝန်ယူကြသည်။ သာဓကအနေဖြင့် ၁၉၂၀ ပြည့်နှစ် ကျောင်းသားခေါင်းဆောင် ၁၁ ဦးထဲမှ ဥက္ကဋ္ဌ ဦးဘဦးအပါအဝင် ဦးဖိုးကွန်း၊ ဦးဘရှင်(သံတွဲ)၊ဦးဘရှင် (ထားဝယ်)နှင့် ဦးထွန်းဝင်းတို့သည် အမျိုးသားကျောင်းအုပ်ကြီးနှင့် အမျိုးသားကျောင်းဆရာများ ဝင်လုပ်ကြသည်။ မြန်မာ့နိုင်ငံရေးခေါင်းဆောင်များဖြစ်ကြသည့် သခင်မြ၊ ဦးဘဝင်း၊ ဦးရာဇတ်၊ ဦးသန့်၊ ဦးနုတို့သည်လည်း အမျိုးသားကျောင်းဆရာများပင် ဖြစ်ပါသည်။

အမျိုးသားကောလိပ်ကိုလည်း ဖွင့်နိုင်ခဲ့သည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ဒီးဒုတ် ဦးဘချိုတို့သည် ထင်ရှားသည့် အမျိုးသားကောလိပ် ဆရာများ ဖြစ်ကြပါသည်။ အမျိုးသားကောလိပ်မှ ဘွဲ့ရသူများတွင် ဆရာကြီးဦးရာဇတ်သည် ထင်ရှားပေသည်။ အမျိုးသားကျောင်းများတွင် ဆရာများသည် အလွန်အနစ်နာခံ၊ ကိုယ်ကျိုးစွန့်ခဲ့ရသည်။ တကယ်တော့ တက္ကသိုလ်ကျောင်းသားများသည် ကျောင်းမထွက်ဘဲ ဘွဲ့ရခဲ့လျှင် ကိုလိုနီအစိုးရက ရာထူးပေးရန် အဆင်သင့် ဖြစ်သကဲ့သို့ သူဌေးသမီးရှင်များကလည်း တင်တောင်းသည့် အချိန်အခါ ဖြစ်ပေသည်။ ထိုအခွင့်အရေးကို လက်လွှတ်၍ မလောက်မင ထောက်ပံ့ကြေးလစာဖြင့် အမျိုးသားကျောင်းဆရာဝင်လုပ်ကြသည်မှာ ကြီးမားသည့် အမျိုးသားရေးစိတ်ဓာတ်ကြောင့် ဖြစ်ပါသည်။ နိုင်ငံ၏ လွတ်လပ်ရေးကို မျှော်ကိုး၍ သူတို့၏ ကိုယ်ကျိုးစီးပွားကို စွန့်ခဲ့ကြသည်။ စွန့်ရကျိုးလည်း နပ်ခဲ့ပါသည်။

အမျိုးသားကျောင်းများတွင် အမျိုးသားရေးကို အားပေးသည့် သင်ရိုးညွှန်းတမ်းဖြင့် လေ့ကျင့်သင်ကြားပေးရုံသာမက နှစ်စဉ်အမျိုးသားနေ့ ရောက်တိုင်း ဆရာ၊ ကျောင်းသား၊ ပြည်သူတို့ လက်တွဲ၍ စီတန်းလှည့်လည်ခြင်း၊ ဆန္ဒပြခြင်း၊ ကျွန်စိတ် ကျွန်သွေးကို ပယ်၍ သခင်စိတ် သခင်သွေးများ ပြည့်လျှမ်းအောင် ဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ အမိနိုင်ငံ လွတ်လပ်ရေးအတွက် သစ္စာအဓိဋ္ဌာန်ပြုခြင်းတို့ကို ဆောင်ရွက်ကြရင်း "အမျိုးသားရေးစိတ်ဓာတ်" ကြွယ်ဝအောင် လေ့ကျင့်ပေးခဲ့ပါသည်။ ဤသို့ဖြင့် အမျိုးသားကျောင်းထွက်များသည် လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပါဝင်သည့် ခေါင်းဆောင်မျိုးဆက်များ ဖြစ်လာကြပါသည်။

**မန္တလေးဥပစာကောလိပ် ပေါ်ထွန်းလာခြင်း**

ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်ရသည့် အကြောင်းများတွင် ရန်ကုန်တက္ကသိုလ်၏ လက်အောက်ခံ ကောလိပ်တစ်ခုတည်းသာ ရှိရမည်ဆိုသည့်အချက်နှင့် ယင်းသည် ရန်ကုန်မြို့၌သာ ရှိရမည်ဟူသည့်အချက် ဖြစ်ပါသည်။ ဤအချက်ကလည်း အထက်မြန်မာပြည်နှင့် တောင်တန်းဒေသများမှ ပညာထူးချွန်သူများ တက္ကသိုလ်ပညာနှင့် အလှမ်းဝေးစေနိုင်သောကြောင့် ဖြစ်ပါသည်။ ကန့်ကွက်ခဲ့သည့် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ၁၉၂၄ ခုနှစ်တွင် ပြင်ဆင်လိုက်ရာ မန္တလေးတွင် ဥပစာကောလိပ်တစ်ခုထားရန် ပါရှိလာသဖြင့် ၁၉၂၅ ခုနှစ်တွင် မန္တလေးဥပစာကောလိပ် ဖွင့်လှစ်နိုင်ခဲ့ပေသည်။ အထက်အညာအရပ်ရှိ ပညာထူးချွန်သူများ သင်ကြားခွင့်ရရှိခဲ့သဖြင့် ဦးသိန်းဖေမြင့်၊ ဦးကျော်ငြိမ်း (နောင်တွင် ဝန်ကြီးချုပ်)၊ သခင်ဗဟိန်းနှင့် ဗိုလ်မှူး ချစ်ကောင်းတို့ကဲ့သို့သော ထက်မြက်သည့် လွတ်လပ်ရေး ခေါင်းဆောင်များ ပေါ်ထွန်းခဲ့ပါသည်။

**ဒီမိုကရေစီဘက်တော်သားဆိုတာ အမျိုးသားရေးကို သစ္စာခံခြင်းပါ**

သပိတ်မမှောက်ခင် ဗဟန်းရှိ ဦးအရိယာကျောင်းတွင် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင် (ယုဒသန်) ကောလိပ်မှ ကျောင်းသား ၆၀၀ ခန့် စည်းဝေးကြသည်။ ရန်ကုန်တက္ကသိုလ် ဥပဒေကို ကန့်ကွက် သပိတ်မှောက်ရန် သဘောတူကြသည်။ သို့သော် မည်သို့သပိတ်မှောက်မည်ဆိုသည့် အချက်တွင် အယူအဆ နှစ်မျိုးကွဲနေပါသည်။

**ပထမအဆို** – "လိုလားချက်များ၊ မကျေနပ်ချက်များအတွက် ကိုယ်ထိလက်ရောက် အရေးယူသည့်အနေဖြင့် သပိတ်ကို အရင်မှောက်၊ နောက်မှ လိုလားချက်၊ မကျေနပ်ချက်များကို တင်ပြတောင်းဆိုရန်။"

**ဒုတိယအဆို** – "တက္ကသိုလ် ဥပဒေကိုပြင်ဆင်ပေးရန် ဘုရင်ခံထံ ပထမလျှောက်ထားရမည်။ အစိုးရက လိုက်လျောခြင်း မပြုပါမှ သပိတ်မှောက်ရန်၊ သပိတ်မှောက်ရာတွင်လည်း ကာလအပိုင်းအခြားမရှိ အစိုးရက လိုက်လျောခြင်း မပြုသမျှ မှောက်ရန်။" ဟူ၍ ဖြစ်ကြပါသည်။

ပထမအဆိုကို ရန်ကုန်ကောလိပ်မှ ကိုဘဦးက တင်သွင်းခြင်းဖြစ်ပြီး ဒုတိယအဆိုကို ဂျပ်ဆင်ကောလိပ်မှ ကိုဖိုးကျားက တင်သွင်းသည်။ အဆိုနှစ်ခုကို နှစ်ဖက်စလုံးက အကြိတ်အနယ် ဆွေးနွေးသည်။ ဘယ်ဘက်ကမှ မလျှော့ကြပေ။ သို့နှင့် အစည်းအဝေး သဘာပတိက မဲဆန္ဒဖြင့် ဆုံးဖြတ်ရန် စီစဉ်သည်။ သဘာပတိက နှစ်ဖက်စလုံးမှ ပုဂ္ဂိုလ်များအား "ဆန္ဒမဲများ၍ နိုင်သည့်အဖွဲ့၏ လုပ်ငန်းစဉ်အတိုင်း ရှုံးသောဘက်မှ မဖောက်မပြန်လိုက်ပါရန်" ကတိကဝတ်ပြုစေသည်။ နှစ်ဖက်ပုဂ္ဂိုလ်များကလည်း ကတိပြုကြသည်။ မဲခွဲသောအခါ ကိုဘဦး (နောင်တွင် အမျိုးသား ကျောင်းအုပ်) ၏ အဆိုက နိုင်သဖြင့် ကိုဖိုးကျား (နောင်တွင် အမျိုးသားပညာဝန်) နှင့် သူ၏အဖွဲ့သားများက ပြုထားသည့်ကတိကို မဖျက်သည့်အပြင် လိုက်ပါဆောင်ရွက်ခဲ့သည်။ ဆွေးနွေးစဉ်က လုံးဝအလျှော့မပေးခဲ့ကြသည့် အဖွဲ့နှစ်ဖွဲ့သည် နှစ်ဖက်ကျောင်းသားထု၏ မှန်ကန်ပြီး တရားမျှတသည့်မဲဖြင့် ဆုံးဖြတ်ပြီးသည့်အခါတွင် အားလုံး ညီညီညွတ်ညွတ် လိုက်နာဆောင်ရွက်ကြသည်။ လေးစားဦးညွှတ်မိပါသည်။ အဘယ်ကြောင့်ဆိုသော် အဆိုအောင်သည့် ကိုဘဦးတို့အဖွဲ့သည် အစိုးရပိုင် ရန်ကုန်ကောလိပ်မှဖြစ်ပြီး ရှုံးနိမ့်သည့် ကိုဖိုးကျားတို့အဖွဲ့သည် နှစ်ခြင်းသာသနာပြုပိုင် ဂျပ်ဆင်ကောလိပ်မှ ဖြစ်သည်။ ငါတို့ ကောလိပ်က အဆို မဟုတ်၍ မလုပ်နိုင်ဟုဆိုကာ ဦးဖိုးကျားတို့အဖွဲ့ အတ္တဦးဆောင်ကာ ကန့်လန့်တိုက်ခဲ့လျှင် မြန်မာ့ပညာရေး အပြောင်းအလဲ ဖြစ်လာစရာ အကြောင်းမရှိပေ။ အမျိုးသားနေ့၊ အမျိုးသားပညာရေးနှင့် အမျိုးသားကျောင်းများလည်း ပေါ်ပေါက်လာစရာ မရှိပေ။ ဒီမိုကရေစီ ဘက်တော်သား ပညာတတ်ဆိုတာ အဖွဲ့အစည်းနောက်သို့ မလိုက်၊ အမျိုးသား အကျိုးစီးပွားကိုသာ သစ္စာခံကြောင်း ကျွန်တော်တို့အား လမ်းပြပေးသည့်အတွက်ကြောင့် လေးစားဦးညွှတ်မိခြင်း ဖြစ်ပါသည်။

**အတ္တထက် အမျိုးသားရေးကို ပုံဖော်ကြသူများ**

"အမျိုးသားနေ့" ဆိုသည့် နာမည်တွင် "ကျောင်းသားလှုပ်ရှားမှု" လုံးဝမပါပေ။ အမည်ကို ဖတ်ရုံ၊ ကြားရုံ၊ မြင်ရုံဖြင့် ကျောင်းသားများ လှုပ်ရှားခဲ့တာကြောင့်ဟု မသိသာပေ။ နောက်ကြောင်းသမိုင်းကို သိပါမှသာ သိနိုင်ပေသည်။ ထိုလှုပ်ရှားမှုကာလ၌ ဗဟန်းရပ် သပိတ်မှောက် ကျောင်းသားများ အစည်းအဝေးတစ်ခုတွင် မြို့မ ဆရာတင့်က အဆိုတင်သွင်းကာ ဤနေ့ကို **"ကျောင်းသားများနေ့"** ဟု အတည်ပြုခဲ့ပါသည်။ သို့သော်လည်း နဝမအကြိမ်မြောက် ဂျီစီဘီအေအသင်း ညီလာခံက **"အမျိုးသားနေ့"** ဟု ပြောင်းလဲသတ်မှတ်ခဲ့သည်ကို တစ်ပြည်လုံး လက်ခံခဲ့ကြသည်။ ထပ်ဆင့် ဂုဏ်ပြုသည့်အနေဖြင့် ဒေါက်တာဘမော်က ပညာရေးဝန်ကြီး တာဝန်ယူသည့် ၁၉၃၄ ခုနှစ်တွင် နိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းများအား ကျောင်းပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ရာမှ သူနန်းရင်းဝန်ဖြစ်လာသည့် ၁၉၃၈ ခုနှစ်တွင် တစ်ပြည်လုံး အစိုးရ ရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့၏။ ထိုသို့ အမျိုးသားနေ့ သတ်မှတ်ရခြင်းနှင့် ပတ်သက်၍ သပိတ်မှောက်ခေါင်းဆောင် ဦးဖိုးကျားက ထိုကွန်ဖရင့်ကြီးမှာ "မြန်မာနိုင်ငံတွင် ဂိုဏ်းဂဏ ပါတီတို့ မကွဲပြားပြီ။ အညီအညွတ်ဆုံး၊ အားအကောင်းဆုံး တစ်နိုင်ငံလုံးကိုယ်စားလှယ်များ အစုံလင်ဆုံးအချိန်ဖြစ်၍ လေးနက်သော ဆုံးဖြတ်ချက်၊ ရိုသေအပ်သော ဆုံးဖြတ်ချက် ဖြစ်ပေသည်" ဟု ဖော်ပြခဲ့ပါသည်။

အမျိုးသားနေ့ကို ပေါ်ပေါက်စေသည့် ပညာတတ်များ၏ ပညာရေးလှုပ်ရှားမှုက ကျွန်တော်တို့ကို ပေးခဲ့သည့် အမွေများမှာ "တက္ကသိုလ်ကျောင်းသား ပညာတတ်ဆိုတာ တိုင်းတစ်ပါးကျွန်ဘဝကို မခံယူလိုကြသူများ၊ အမျိုးသားရေးစိတ်ဓာတ် ပြင်းပြပြီး လွတ်လပ်တဲ့ဘဝကို မြတ်နိုးသူများပါ။ အမျိုးသားအကျိုးစီးပွားကို စောင့်ထိန်း၏။ ပျက်စီးမည့်အလုပ်ကို မလုပ်ပါ။ သူများဖျက်ဆီးလျှင် ကာကွယ်တတ်ကြသူများပါ။ အမျိုးသားကျောင်းဆရာများက စား၊ ဝတ်၊ နေရေး မပြေလည်မှုကို ကြံ့ကြံ့ခံသည့် စိတ်ဓာတ်ကို ဖော်ဆောင်ပြ၏။ ပညာတတ်ဆိုတာ ဆင်သွားရင် လမ်းဖြစ်သကဲ့သို့ မိမိတို့ရဲ့ လှုပ်ရှားမှုများသည် အမျိုးသားအကျိုးစီးပွားအတွက် ကိုလိုနီကျွန်ပြုရေးသမိုင်းကို အပြီးတိုင်ချုပ်ငြိမ်းသည်အထိ ရေရှည်ဆောင်ရွက်နိုင်စွမ်းရှိသူများနှင့် အမျိုးသားရေးကို ဦးထိပ်ထားပါမှ ဒီမိုကရေစီသမား" ဟူသည့် အမွေပင် ဖြစ်ပါသည်။

သူတို့ခေတ်တွင် ကျွန်တော်တို့ အဘိုးအဘွားတက္ကသိုလ်ကျောင်းသား ပညာတတ်များ တာဝန်ကျေခဲ့ပါသည်။ နယ်ချဲ့ပရိယာယ်ကို စာဖတ်နာသူပညာတတ်များပီပီ သိခဲ့၍ ကျွန်ပညာရေးမှ သခင်ပညာရေးသို့ ဦးတည်ပြောင်းလဲခဲ့သည်။ စား၊ ဝတ်၊ နေရေးအတွက် မြို့ပိုင်၊ နယ်ပိုင်လုပ်ပြီး နယ်ချဲ့ကို သစ္စာမခံခဲ့။ ကိုယ်ကျိုး အနာခံကာ အမျိုးသားအကျိုးစီးပွားကိုသာ သစ္စာခံခဲ့သည်။ ကျွန်တော်တို့သည် ထိုကဲ့သို့ မြင့်မြတ်သည့် အဘိုးအဘွားတို့၏ မျိုးဆက်များဖြစ်သည်။

သို့ဖြစ်၍ ငါတို့ခေတ်ကျမှ မျိုးဆက်ညံ့ကြသူများ မဖြစ်ကြရန် တာဝန်ရှိပေသည်။ မည့်ဖို့တော့ ပညာတတ်ဆိုတဲ့ သင်တို့၊ ကျွန်တော်တို့သည် အဝေးထိန်း ခေတ်သစ်ကိုလိုနီဝါဒ (Neocolonialism) ကို ဉာဏ်ပညာဖြင့် မြင်အောင်ကြည့်ပြီး သတိပြုကာကွယ်ရန် လိုပေလိမ့်မည်။ ပြီးတော့ အဘိုးအဘွားများ၏ အမျိုးသားရေးစိတ်ဓာတ်အမွေကို ဆက်ခံပြီး လက်ဆင့်ကမ်းရန်လည်း လိုပါလိမ့်မည်။ သခင်အဖြစ် မွေးလာပြီးပါမှ ခေတ်သစ်ကိုလိုနီတွေရဲ့ အခိုင်းခံကျွန်ဘဝ မရောက်ရန် သတိကြီးကြီးထားပြီး မိမိနိုင်ငံနှင့် လူမျိုး ဖွံ့ဖြိုးမှုကို အမျိုးသားရေးအမြင်ဖြင့် အားသွန်ကြိုးပမ်းရင်း ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ (လွန်ခဲ့သော ၁၀၁ နှစ်) ပညာရေးလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင် လှုပ်ရှားခဲ့ကြသည့် အဘိုးအဘွား ပညာတတ် တက္ကသိုလ် ကျောင်းသားများ၏ "အမျိုးသားရေးစိတ်ဓာတ်" ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက် အကောင်အထည်ဖော်ကြပါဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။


အညွှန်း။ ။(၁) ဦးဖိုးကျား (အမျိုးသားနေ့ ရာဇဝင် အကျဉ်းချုပ်၊ (၁၅-၁၁-၁၉၇၀) နေ့ထုတ် အိုးဝေဂျာနယ်၊ အမှတ် ၅၅။
(၂) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဌာနချုပ် (၁၉၇၀) အမျိုးသားနေ့နှင့် အမျိုးသားပညာရေး လှုပ်ရှားမှု သမိုင်း။

❑ *ကျောဖုံးမှ*

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ နိုင်ငံပိုင်ဘဏ် ၂၆ ခုနှင့် ပုဂ္ဂလိကပိုင်ဘဏ် ၄၁ ခုတို့ ပျက်စီးဆုံးရှုံးခဲ့ရမှုကို ဖော်ပြပါအတိုင်း တွေ့ရှိရသည်-

**၁-၂-၂၀၂၂ ရက်နေ့မှ ၂၀-၁၁-၂၀၂၂ ရက်နေ့ထိတိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ နိုင်ငံပိုင်ဘဏ်များအား ဆူပူအကြမ်းဖက်သောင်းကျန်းသူများမှမီးရှို့/ဖောက်ခွဲဖျက်ဆီးမှုဦးစီးဇယား**

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | နိုင်ငံပိုင်ဘဏ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | နေပြည်တော် | ၁ | ၁ | |
| ၂ | ကချင် | ၁ | ၁ | |
| ၃ | ကရင် | ၂ | ၂ | |
| ၄ | ချင်း | ၂ | ၂ | |
| ၅ | စစ်ကိုင်း | ၄ | ၄ | |
| ၆ | တနင်္သာရီ | ၁ | ၁ | |
| ၇ | မကွေး | ၄ | ၄ | |
| ၈ | မန္တလေး | ၁ | ၁ | |
| ၉ | ရန်ကုန် | ၅ | ၆ | |
| ၁၀ | ရှမ်း | ၄ | ၄ | |
| | စုစုပေါင်း | ၂၅ | ၂၆ | |

**၁-၂-၂၀၂၂ ရက်နေ့မှ ၂၀-၁၁-၂၀၂၂ ရက်နေ့ထိတိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ ပုဂ္ဂလိကပိုင်ဘဏ်များအား ဆူပူအကြမ်းဖက်သောင်းကျန်းသူများမှ မီးရှို့/ဖောက်ခွဲဖျက်ဆီးမှုဦးစီးဇယား**

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | ပုဂ္ဂလိကပိုင်ဘဏ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | နေပြည်တော် | ၁ | ၁ | |
| ၂ | ကချင် | ၂ | ၄ | |
| ၃ | ကယား | ၁ | ၁ | |
| ၄ | စစ်ကိုင်း | ၃ | ၅ | |
| ၅ | တနင်္သာရီ | ၁ | ၁ | |
| ၆ | ပဲခူး | ၁ | ၁ | |
| ၇ | မကွေး | ၁ | ၃ | |
| ၈ | မန္တလေး | ၇ | ၁၄ | |
| ၉ | ရန်ကုန် | ၅ | ၅ | |
| ၁၀ | ရှမ်း | ၄ | ၅ | |
| ၁၁ | ဧရာဝတီ | ၁ | ၁ | |
| | စုစုပေါင်း | ၂၇ | ၄၁ | |

**၂၅-၈-၂၀၂၂ ရက်တွင် တီးတိန်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သူများက တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦး ကျဆုံးမှု။**


(ဝဲမှယာ)၊ ရဲတသ ဟောက်ခန့်ကိမ်၊ ရဲတသ ကမ်ဒိတ်လန့် (ကျဆုံး)


ရဲဒုတက ငင့်ထွန်းထန် (ကျဆုံး)


မြန်မာ့စီးပွားရေးဘဏ်


သိမ်းဆည်းရမိသည့် ကျည်ခွံ

**၁-၂-၂၀၂၂ မှ ၂၀-၁၁-၂၀၂၂ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်များအား အကြမ်းဖက်သူများက လက်လုပ်ဗုံး/မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီး မီးရှို့ဖျက်ဆီးမှုစာရင်း**

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | ခရိုင်/မြို့နယ် | ဌာနဆိုင်ရာရုံး၊ အဆောက်အဦ | ဖြစ်စဉ်အကျဉ်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ၃၁-၃-၂၀၂၂ | ကရင် | ကော့ကရိတ် | မြန်မာ့စီးပွားရေးဘဏ် | လက်ပစ်ဗုံးဖောက်ခွဲမှု။ | |
| ၂။ | ၄-၄-၂၀၂၂ | ရန်ကုန် | အရှေ့ပိုင်း ခရိုင် သဃ်ာန်းကျွန်း | မြန်မာ့စီးပွားရေးဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၃။ | ၂၅-၄-၂၀၂၂ | မန္တလေး | အောင်မြေသာစံ | မြန်မာ့စီးပွားရေးဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၄။ | ၂၅-၄-၂၀၂၂ | ရန်ကုန် | သဃ်ာန်းကျွန်း | မြန်မာ့စီးပွားရေးဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၅။ | ၂၆-၄-၂၀၂၂ | တနင်္သာရီ | ထားဝယ် | မြန်မာ့စီးပွားရေးဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၆။ | ၅-၅-၂၀၂၂ | နေပြည်တော် | လယ်ဝေး | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၇။ | ၆-၅-၂၀၂၂ | စစ်ကိုင်း | စစ်ကိုင်း | မြန်မာ့စီးပွားရေးဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၈။ | ၇-၅-၂၀၂၂ | ရန်ကုန် | ခရမ်း | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၉။ | ၁၀-၅-၂၀၂၂ | မကွေး | အောင်လံ | မြန်မာ့စီးပွားရေးဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၁၀။ | ၁၃-၅-၂၀၂၂ | စစ်ကိုင်း | မြင်းမူ | မြန်မာ့စီးပွားရေးဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၁၁။ | ၁၃-၅-၂၀၂၂ | ချင်း | ကန်ပက်လက် | မြန်မာ့စီးပွားရေးဘဏ်ခွဲ | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၁၂။ | ၁၄-၅-၂၀၂၂ | ကရင် | ဘားအံ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၁၃။ | ၁၈-၅-၂၀၂၂ | မကွေး | စလင်း | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၁၄။ | ၂၃-၅-၂၀၂၂ | မကွေး | တောင်တွင်းကြီး | မြန်မာ့စီးပွားရေးဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၁၅။ | ၂-၆-၂၀၂၂ | ရှမ်း | တန့်ယန်း | မြန်မာ့စီးပွားရေးဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၁၆။ | ၁၄-၆-၂၀၂၂ | ရှမ်း | နမ့်ခမ်း | မြန်မာ့စီးပွားရေးဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၁၇။ | ၂၅-၆-၂၀၂၂ | ရှမ်း | ပင်လောင်း | မြန်မာ့စီးပွာရေးဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၁၈။ | ၂၈-၆-၂၀၂၂ | ရန်ကုန် | ကျောက်တံတား | မြန်မာ့စီးပွားရေးဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၁၉။ | ၃-၇-၂၀၂၂ | ရှမ်း | မူဆယ် | စက်မှုလုပ်ငန်းအသေးစားချေးငွေဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၂၀။ | ၁၈-၇-၂၀၂၂ | စစ်ကိုင်း | ကန့်ဘလူ | မြန်မာ့စီးပွားရေးဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၂၁။ | ၁၂-၈-၂၀၂၂ | ရန်ကုန် | သုံးခွ | မြန်မာ့စီးပွားရေးဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၂၂။ | ၂၀-၈-၂၀၂၂ | ရန်ကုန် | လှိုင်သာယာ(ရှေ့) | မြန်မာ့စီးပွားရေးဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၂၃။ | ၂၅-၈-၂၀၂၂ | ချင်း | တီးတိန် | မြန်မာ့စီးပွားရေးဘဏ် | လက်နက်ငယ်များဖြင့် ပစ်ခတ်မှု။ | |
| ၂၄။ | ၇-၉-၂၀၂၂ | မကွေး | နတ်မောက် | မြန်မာ့စီးပွားရေးဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၂၅။ | ၁၃-၉-၂၀၂၂ | စစ်ကိုင်း | ကောလင်း | မြန်မာ့စီးပွားရေးဘဏ် | လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်မှု | |
| ၂၆။ | ၂၀-၉-၂၀၂၂ | ကချင် | မြစ်ကြီးနား | မြန်မာ့စီးပွားရေးဘဏ် | လက်ပစ်ဗုံးဖောက်ခွဲမှု။ | |

**၁-၂-၂၀၂၂ မှ ၂၀-၁၁-၂၀၂၂ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ ပုဂ္ဂလိကပိုင်ဘဏ်များအား အကြမ်းဖက်သူများက လက်လုပ်ဗုံး/မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီး မီးရှို့ဖျက်ဆီးမှုစာရင်း**

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | ခရိုင်/မြို့နယ် | ဌာနဆိုင်ရာရုံး၊ အဆောက်အဦ | ဖြစ်စဉ်အကျဉ်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ၁၄-၃-၂၀၂၂ | ရန်ကုန် | လမ်းမတော်မြို့နယ် | မြဝတီဘဏ်ရှိ ATM စက် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၂။ | ၇-၄-၂၀၂၂ | ပဲခူး | ပဲခူး | မြဝတီဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၃။ | ၁၁-၄-၂၀၂၂ | မန္တလေး | ချမ်းအေးသာစံ | မြဝတီဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၄။ | ၁၂-၄-၂၀၂၂ | မန္တလေး | မဟာအောင်မြေ | ရတနာပုံဘဏ်ခွဲ | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၅။ | ၁၃-၄-၂၀၂၂ | မန္တလေး | အောင်မြေသာစံ | အင်းဝဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၆။ | ၁၃-၄-၂၀၂၂ | မန္တလေး | မြင်းခြံ | မြဝတီဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၇။ | ၁၆-၄-၂၀၂၂ | တနင်္သာရီ | ထားဝယ် | မြဝတီဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၈။ | ၁၈-၄-၂၀၂၂ | မန္တလေး | မြင်းခြံ | KBZ Mini ဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၉။ | ၁၉-၄-၂၀၂၂ | ကချင် | မြစ်ကြီးနား | မြဝတီဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၁၀။ | ၁၉-၄-၂၀၂၂ | ရန်ကုန် | လှိုင် | KBZ ဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၁၁။ | ၂၀-၄-၂၀၂၂ | ရန်ကုန် | ပုဇွန်တောင် | CB ဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၁၂။ | ၂၆-၄-၂၀၂၂ | မန္တလေး | မဟာအောင်မြေ | ရတနာပုံဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၁၃။ | ၂၉-၄-၂၀၂၂ | မကွေး | ပခုက္ကူ | ကမ္ဘောဇဘဏ်(၂) | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၁၄။ | ၂၉-၄-၂၀၂၂ | မကွေး | ပခုက္ကူ | မြန်မာ့ရှေ့ဆောင်ဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၁၅။ | ၂၉-၄-၂၀၂၂ | မကွေး | ပခုက္ကူ | ယူနိုက်တက်အမရာဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၁၆။ | ၂၉-၄-၂၀၂၂ | မန္တလေး | ပြည်ကြီးတံခွန် | UAB ဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၁၇။ | ၇-၅-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | မြဝတီဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၁၈။ | ၈-၅-၂၀၂၂ | ကချင် | ဗန်းမော် | အင်းဝဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၁၉။ | ၉-၅-၂၀၂၂ | မန္တလေး | နွားထိုးကြီး | ကမ္ဘောဇဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၂၀။ | ၁၂-၅-၂၀၂၂ | ရှမ်း | တောင်ကြီး | ဧရာဝတီဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၂၁။ | ၁၄-၅-၂၀၂၂ | ကချင် | မြစ်ကြီးနား | KBZ ဘဏ်ခွဲ | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၂၂။ | ၁၆-၅-၂၀၂၂ | ရှမ်း | မူဆယ် | အင်းဝဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၂၃။ | ၁၉-၅-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | မြန်မာ့ရှေ့ဆောင်ဘဏ် | လက်လုပ်မိုင်းတွေ့ရှိမှု။ | |
| ၂၄။ | ၂၇-၅-၂၀၂၂ | မန္တလေး | မြင်းခြံ | မြန်မာနိုင်ငံသားများဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၂၅။ | ၂၉-၅-၂၀၂၂ | ရှမ်း | တောင်ကြီး | အင်းဝဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၂၆။ | ၁၂-၇-၂၀၂၂ | ရှမ်း | လားရှိုး | ရိုးမဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၂၇။ | ၂၃-၇-၂၀၂၂ | စစ်ကိုင်း | ရွှေဘို | မြန်မာရှေ့ဆောင်ဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၂၈။ | ၂၀.၈.၂၀၂၂ | ရှမ်း | ကလော | AGD ဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၂၉။ | ၃၀.၈.၂၀၂၂ | စစ်ကိုင်း | ကောလင်း | ကမ္ဘောဇဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၃၀။ | ၁၂-၉-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | ကမ္ဘောဇဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၃၁။ | ၁၉-၉-၂၀၂၂ | ရန်ကုန် | သာကေတ | ကမ္ဘောဇဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၃၂။ | ၇-၁၀-၂၀၂၂ | ဧရာဝတီ | မအူပင် | CB ဘဏ် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | ခရိုင်/မြို့နယ် | ဌာနဆိုင်ရာရုံး၊ အဆောက်အဦ | ဖြစ်စဉ်အကျဉ်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၃၃။ | ၈-၁၀-၂၀၂၁ | ကယား | လွိုင်ကော် | အင်းဝဘဏ်ခွဲ | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၃၄။ | ၁၅-၁၀-၂၀၂၁ | နေပြည်တော် | ပျဉ်းမနား | မြဝတီဘဏ် | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၃၅။ | ၂၃-၁၀-၂၀၂၁ | ကချင် | မြစ်ကြီးနား | မြဝတီဘဏ် | လက်ပစ်ဗုံးဖောက်ခွဲမှု။ | |
| ၃၆။ | ၂၇-၁၀-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | KBZ ဘဏ်၊ CB ဘဏ်နှင့် ATM စက်များ | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၃၇။ | ၂၇-၁၀-၂၀၂၁ | မန္တလေး | မဟာအောင်မြေ | KBZ ဘဏ်နှင့် ATM စက်များ | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၃၈။ | ၃၀-၁၀-၂၀၂၁ | စစ်ကိုင်း | မုံရွာ | ကမ္ဘောဇဘဏ်ခွဲ(၄) | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၃၉။ | ၃၁-၁၀-၂၀၂၁ | စစ်ကိုင်း | မုံရွာ | ရေဝတီဘဏ်ခွဲ | လက်လုပ်ဗုံးဖောက်ခွဲမှု။ | |
| ၄၀။ | ၅-၁၁-၂၀၂၁ | ရန်ကုန် | မရမ်းကုန်း | KBZ ဘဏ် ATM စက် | လက်လုပ်မိုင်းဖောက်ခွဲမှု။ | |
| ၄၁။ | ၁၆-၁၁-၂၀၂၁ | စစ်ကိုင်း | ရွှေဘို | မြဝတီဘဏ် | လက်ပစ်ဗုံးဖောက်ခွဲမှု။ | |

အကြမ်းဖက်အဖွဲ့များအနေဖြင့် ဘဏ်များအား ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်နေမှုအပေါ် လူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါရန် သက်ဆိုင်ရာက မေတ္တာရပ်ခံထားသည်။

**သတင်းစဉ်**



၂၇-၁၀-၂၀၂၁ ရက်တွင် ချမ်းမြသာစည်မြို့နယ်၌ KBZ ဘဏ်များရှိ ATM စက်များအား လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်မှု။




၃၁-၁၀-၂၀၂၁ ရက်တွင် မုံရွာမြို့နယ်၌ ရေဝတီဘဏ်ခွဲအား လက်လုပ်ဗုံးဖြင့် ပစ်ပေါက်မှု။



၃၀-၁၀-၂၀၂၁ ရက်တွင် မုံရွာမြို့ ကမ္ဘောဇဘဏ်ခွဲ၌ လက်လုပ်ဗုံး တစ်လုံး ပေါက်ကွဲမှု။



၁၉-၄-၂၀၂၁ ရက်တွင် မြစ်ကြီးနားမြို့၌ လက်လုပ်ဗုံး နှစ်လုံး ပေါက်ကွဲမှု။



၁၄-၅-၂၀၂၁ ရက်တွင် ဘားအံမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ပြည်နယ်ဘဏ်ခွဲ)ရုံးရှေ့၌ လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲမှု။




၁၉-၄-၂၀၂၁ ရက်တွင် လှိုင်မြို့နယ်၌ KBZ ဘဏ်ခွဲ(၂၉) (ဆင်ရေတွင်းဘဏ်ခွဲ)အား လက်လုပ်ဗုံးဖြင့် ပစ်ပေါက်မှု။



၁၄-၆-၂၀၂၁ ရက်တွင် နမ့်ခမ်းမြို့ မြန်မာ့စီးပွားရေးဘဏ်အနီး၌ အသံဗုံးတစ်လုံး ပေါက်ကွဲမှု။



၂၇-၁၀-၂၀၂၁ ရက်တွင် မဟာအောင်မြေမြို့နယ်၌ KBZ ဘဏ်ရှေ့ရှိ ATM စက်များအား လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခံရမှု။



၁၉-၉-၂၀၂၁ ရက်တွင် သာကေတမြို့နယ်၌ လက်လုပ်မိုင်း ပေါက်ကွဲမှု။




၁၆-၁၁-၂၀၂၁ ရက်တွင် ရွှေဘိုမြို့နယ်၌ မြဝတီဘဏ်အား လက်ပစ်ဗုံးဖြင့် ပစ်ပေါက်မှု။

၇-၅-၂၀၂၁ ရက်တွင် ခရမ်းမြို့နယ်၌ လက်လုပ်မိုင်း ငါးလုံး ပေါက်ကွဲမှု။



အမှတ်(၇)ရပ်ကွက် ရစဖမှူးရုံး



အမှတ်(၃)ရပ်ကွက် ရစဖမှူးရုံး



မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်



အထက(၂)



ကျေးလက်ရုံး

# NUG အကြမ်းဖက်အဖွဲ့၏ ထောက်ပံ့စေခိုင်းမှုဖြင့် KNU နယ်မြေအချို့တွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများ ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၂၅**

CRPH/NUG အကြမ်းဖက်အဖွဲ့အစည်းတို့မှ နိုင်ငံအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အကြမ်းဖက် PDF များ ဖွဲ့စည်းနိုင်ရန်အတွက် NLD ပါတီဝင်/ အမာခံများ၊ CDM ပြုလုပ်သူများနှင့် အစွန်းရောက်လူငယ်များအား စည်းရုံးလှုံ့ဆော်၍ KNU အဖွဲ့လှုပ်ရှားရာ နယ်မြေများအတွင်း ဖောက်ခွဲဖျက်ဆီးရေးနှင့် အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း၊ ယင်းနောက် သင်တန်းတက်ရောက်ပြီးသူများအား နိုင်ငံအတွင်း မြို့ကြီးများသို့စေလွှတ်၍ အကြမ်းဖက်လုပ်ငန်းများ ညွှန်ကြားဆောင်ရွက်စေလျက်ရှိကြောင်း သိရှိရသည်။

ဧပြီ ၃၀ ရက်တွင် လှိုင်သာယာမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သော တရားခံများ ဖမ်းဆီးရမိမှုဖြစ်စဉ်မှ စိုင်းဖြိုးကိုကိုနှင့် ရှိုင်းထက်အောင်တို့အပါအဝင် တရားခံငါးဦး၏ ထွက်ဆိုချက်အရ ကျိုက်ထိုမြို့နယ် ကော်ကပ်ကျေးရွာအနီးရှိ KNLA တပ်မဟာ(၁)နယ်မြေတွင် အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သူများဖြစ်ကြောင်း၊ KNLA တပ်မဟာ(၁)အနေဖြင့် PDF အကြမ်းဖက်သမားများအား လက်ခံထားရှိ၍ အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းအပြင် ၎င်းအဖွဲ့များနှင့်ပူးပေါင်း၍ တပ်မတော်စခန်းများ၊ ရင်း၃ာနချုပ်များနှင့်ရဲစခန်းများအား ရှော့တိုက်ဒုံးများဖြင့် အဝေးမှပစ်ခတ်ခြင်း၊ အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်လျက်ရှိသော တပ်မတော်သားများနှင့် မိသားစုဝင်များအား အလစ်အငိုက်တိုက်ခိုက်သတ်ဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ဇွန်လအတွင်း ဖောက်ခွဲဖျက်ဆီးရေးသင်တန်းဖွင့်လှစ်ပြီး အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ခင်ကျော်(UNRA)နှင့် ကိုကိုနိုင်(ခ) ဒေါန အပါအဝင် အကြမ်းဖက်တရားခံ ၁၇၃ ဦးအား လက်နက်မျိုးစုံ ၁၃၁ လက်၊ လက်ပစ်ဗုံး ၅၅၉ လုံး၊ လက်လုပ်ဗုံး ၂၂၅၁၃ လုံး၊ ၄၀ မမဗုံးသီး ၁၄၇၃ လုံး၊ RPG ဒုံးသီး ၁၄ လုံးအပါအဝင် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း၊ တရားခံ ခင်ကျော်(UNRA)၊ ကိုကိုနိုင်(ခ) ဒေါနနှင့် ဆက်စပ်တရားခံများ၏ ထွက်ဆိုချက်များအရ ခင်ကျော်နှင့် ကိုကိုနိုင်တို့သည် KNLA တပ်မဟာ(၁) နယ်မြေ၊ ဝါးမြီးခိုကျေးရွာအနီး၌ အခြေပြု၍ စခန်းဆောက်လုပ်ခဲ့ပြီး အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG၊ CRPH တို့၏ စီစဉ်ထောက်ပံ့မှုဖြင့် ပြည်သူလူထုထိခိုက်ပျက်စီးစေရန်နှင့် အစိုးရအုပ်ချုပ်မှု ယန္တရားလည်ပတ်နိုင်မှုမရှိစေရေး ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ကျူးလွန်ဆောင်ရွက်နိုင်ရန်အတွက် အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။

သင်တန်းနည်းပြများအနေဖြင့် KNLA တပ်မဟာ(၅) အဖွဲ့ဝင်များမှ ဖောက်ခွဲဖျက်ဆီးရေးနှင့် လက်နက်ငယ်သင်ခန်းစာများအား သင်ကြားပေးခဲ့ပြီး လက်နက်ခဲယမ်းနှင့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများအား ရောင်းချထောက်ပံ့ပေးခဲ့ကြောင်း သိရှိရသဖြင့် ဇွန် ၂၄ ရက်တွင် တပ်မတော်က UNRA အကြမ်းဖက်သင်တန်းနေရာအား နယ်မြေလုံခြုံရေးအရ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

မတ် ၃၁ ရက်တွင် တောင်ငူမြို့ အမေ့အိမ်ဟိုတယ်၌ အကြမ်းဖက် UNRA အဖွဲ့ဝင် တရားခံ မျိုးမြင့်အောင်(ခ) အရှည်ကြီး(ခ)ဆံရှည်၊ ဩဂုတ် ၂၃ ရက်တွင် ဒဂုံဆိပ်ကမ်းမြို့နယ်၌ Music Zone KTV ၊ ကမာရွတ်၊ မြောက်ဥက္ကလာနှင့် သဃ်န်းကျွန်းမြို့နယ်တို့ရှိ EPC ရုံးများ အပါအဝင် ရန်ကုန်မြို့တွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သော တရားခံများ ဖမ်းဆီးရမိမှုဖြစ်စဉ်မှ ဝေယံသိန်း(ခ)ဗစ်တာနှင့် နိုဝင်ဘာ ၁ ရက်တွင် တောင်ငူမြို့၌ ဖမ်းဆီးရမိ တရားခံ ကျော်ကျော်(ခ) ကချင်ကျော်ကျော်တို့၏ ထွက်ဆိုချက်များအရ ထန်းတပင်မြို့နယ် တောကုန်းကျေးရွာ၏ အရှေ့ဘက်တောင်ကုန်းများ၌ ပြည်မြို့နယ် NLD ပါတီမှ အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဟောင်း ကျော်ဇေယျ၏ ပြည်အကြမ်းဖက် PDF အဖွဲ့၊ တောင်ငူမြို့နယ် NLD ပါတီမှ အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း မိုးမခ၏ တောင်ငူအကြမ်းဖက် PDF အဖွဲ့၊ ဖြူးမြို့နယ် NLD ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း ကျော်အေးဝင်း၏ ဖြူးအကြမ်းဖက် PDF အဖွဲ့များသည် KNLA တပ်မဟာ(၂)မှ စစ်ဆင်ရေးမှူးအဆင့်ရှိ မောင်ရွှေနှင့်ညိှနှိုင်း၍ PDF အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်၍ အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်ကာ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်နေကြောင်း သိရှိရသဖြင့် တပ်မတော်က နယ်မြေစိုးမိုးရေးဆောင်ရွက်ခဲ့ရာ PDF အကြမ်းဖက်စခန်းနေရာ ငါးနေရာအား ဖော်ထုတ်သိမ်းပိုက်ရရှိခဲ့ပြီး အဆိုပါစခန်းများအတွင်းမှ အကြမ်းဖက်သမား ငါးဦးအပါအဝင် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ KNLA တပ်မဟာ(၂)မှ လက်နက်ငယ်နှင့်ဖောက်ခွဲဖျက်ဆီးရေးသင်ခန်းစာများ သင်ကြားပေးခဲ့ကြောင်း၊ ကျော်ဇေယျသည် PDF အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်တပ်ဆင်နိုင်ရန်အတွက် KNLA တပ်မဟာ(၅)မှ လက်နက် ၁၀၀ ခန့် မှာယူထားရှိပြီး ၎င်းလက်နက်များရောက်ရှိပါက ဖြူး၊ အုတ်တွင်း၊ တောင်ငူနှင့် ပြည်အကြမ်းဖက် PDF အဖွဲ့များအား လက်နက်တပ်ဆင်ပေး၍ သက်ဆိုင်ရာမြို့များသို့ ပြန်လည်စေလွှတ်ကာ အကြမ်းဖက်လုပ်ငန်းဆောင်ရွက်ခိုင်းထားသူများနှင့် ချိတ်ဆက်၍ မြို့တွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်သွားရန်

*စာမျက်နှာ ၁၁ သို့*





KNLA တပ်မဟာ(၂) နယ်မြေအတွင်း အကြမ်းဖက် PDF သင်တန်းဖွင့်လှစ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။


မျိုးမြင့်အောင်(ခ) အရှည်ကြီး


ဝေယံသိန်း(ခ)ဗစ်တာ


ကျော်ကျော်(ခ)ကချင်ကျော်ကျော်


ကျော်ဇေယျ


ကျော်အေးဝင်း


မိုးမခ


KNLA တပ်မဟာ(၂) နယ်မြေအတွင်းရှိ တောင်ပိုင်းတိုင်းအကြမ်းဖက် PDF စခန်းအား သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။


KNLA တပ်မဟာ(၂) နယ်မြေအတွင်းရှိ ပြည်အကြမ်းဖက် PDF စခန်းမှ ဖမ်းဆီးရမိသည့် အကြမ်းဖက်သမား ငါးဦး၏ မှတ်တမ်းဓာတ်ပုံ။



KNLA တပ်မဟာ(၂) နယ်မြေအတွင်းရှိ အုတ်တွင်းအကြမ်းဖက် PDF စခန်းမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ။



KNLA တပ်မဟာ(၂) နယ်မြေအတွင်းရှိ တောင်ငူအကြမ်းဖက် PDF စခန်းမှ သိမ်းဆည်းရမိသည့် ပစ္စည်းများ။



KNLA တပ်မဟာ(၂) နယ်မြေအတွင်းရှိ ဖြူးအကြမ်းဖက် PDF စခန်းမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ။




ငွေးမင်းအောင်



ခင်ကျော်



ကိုကိုနိုင်(ခ)ဒေါန




KNLA တပ်မဟာ(၂) နယ်မြေအတွင်းရှိ အကြမ်းဖက် PDF စခန်းငါးခုအား သိမ်းဆည်းရမိသည့် နေရာပြမြေပုံ။



မြတ်သူ(ခ)နတ်ဆိုး



စောညီညီမင်းထက်



အောင်ကိုဦး(ခ)ခေါင်းကြီး



စစ်ဇော်ကံ(ခ)ဟန်သာထွန်း



ဇင်ကိုကို



ဝေယံဖြိုး



ဇေယျာလွင်



နိုင်လင်းထွန်း



စောရန်နိုင်

*စာမျက်နှာ ၁၀ မှ*

စီစဉ်လျက်ရှိကြောင်း၊ အဆိုပါ PDF စခန်းများအတွက် လက်ပစ်ဗုံးများ ပြုလုပ်နိုင်ရန် လိုအပ်သည့်ကုန်ကြမ်းများနှင့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များအား KNLA တပ်မဟာ(၂)နှင့် KNU တောင်ငူခရိုင်အုပ်ချုပ်ရေးအဖွဲ့ဝင် ဝကြီးတို့မှ ချိတ်ဆက်ဝယ်ယူ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

မေ ၂၄ ရက်တွင် အလုံမြို့နယ်ရှိ ရန်ကုန်တိုင်းစာရင်းစစ်ချုပ်ရုံးရှေ့တွင် မိုင်းဖောက်ခွဲခြင်း ဆောင်ရွက်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိမှုဖြစ်စဉ်မှ တရားခံ ငွေးမင်းအောင်ပါ လေးဦး၏ ထွက်ဆိုချက်အရ ၎င်းတို့အနေဖြင့် KNLA တပ်မဟာ(၃)နယ်မြေ ကျောက်ကြီးမြို့နယ်အတွင်း၌ ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်ခဲ့သူများဖြစ်ကြောင်း၊ KNLA တပ်မဟာ(၃)အဖွဲ့ဝင်များအနေဖြင့် PDF အကြမ်းဖက်သမားများအား စစ်သင်တန်းနှင့် ဖောက်ခွဲရေးသင်တန်းများ သင်ကြားပေးသည့်အပြင် ထွက်ပြေးတိမ်းရှောင်သူများကိုပါ လက်ခံထားရှိကြောင်း သိရှိရသည်။

နိုဝင်ဘာ ၁၄ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ Hotel 46 ၌ ရန်ကုန်မြို့အတွင်း အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တရားခံများ ဖမ်းဆီးရမိမှုဖြစ်စဉ်မှ အကြမ်းဖက်အဖွဲ့ ခေါင်းဆောင်တစ်ဦးဖြစ်သူ တရားခံ မြတ်သူ(ခ)နတ်ဆိုးနှင့် Mytel ရုံးချုပ်မှ ဦးသိန်းအောင်အား လုပ်ကြံသတ်ဖြတ်ရာတွင် ပါဝင်သည့် ဖမ်းဆီးရမိတရားခံ စစ်ဇော်ကံ(ခ)ဟန်သာထွန်းတို့၏ ထွက်ဆိုချက်အရ ၎င်းတို့သည် ကြာအင်းဆိပ်ကြီးမြို့နယ်အနီး တပ်မဟာ(၆)တွင် PDF အကြမ်းဖက်သင်တန်းအား တက်ရောက်ခဲ့ပြီး အဆိုပါသင်တန်းဆင်းပွဲသို့ CRPH/ NUG အကြမ်းဖက်အဖွဲ့၏ တောင်ပိုင်း PDF အကြမ်းဖက်အဖွဲ့ တာဝန်ခံ လွင်ကိုလတ်နှင့် KNLA မှ ရင်းမှူး အဆင့်ရှိ စောရန်နိုင် တို့ လာရောက်ခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် နိုဝင်ဘာ ၁၆ ရက်တွင် သဃ်န်းကျွန်းမြို့နယ်၌ ဖမ်းဆီးရမိခဲ့သော အောင်ကိုဦး၏ ထွက်ဆိုချက်အရ ၎င်းသည် KNLA တပ်မဟာ(၆)၊ ရင်း(၁၈)လှူပ်ရှားနယ်မြေ (ဘော်ဒိုင်းခွင်)တွင် မေ ၅ ရက်မှ ဇွန် ၂၀ ရက်အထိ ဖွင့်လှစ်သော PDF အကြမ်းဖက်သင်တန်း အမှတ်စဉ်(၃)အား တက်ရောက်ခဲ့ကြောင်း၊ အဆိုပါသင်တန်းမှ သင်တန်းဆင်းများဖြင့် KNLA တပ်မဟာ(၆)၊ ရင်း(၁၆)လှုပ်ရှားနယ်မြေ(အံ့ဖခွင်) သဲဖြူချောင်းအနီးတွင် ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၃၀ ရက်အထိ SOF အကြမ်းဖက်သင်တန်းအား ရက် ၄၀ ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် အမေရိကန်နိုင်ငံသားခံယူထားသူ လင်းလင်း(ခ) မစ္စတာဘော့မှ မြို့ပြပြောက်ကျားစစ်နည်းဗျူဟာများ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရှိရသည်။

နိုဝင်ဘာ ၁၃ ရက်တွင် ကျိုက်မရောမြို့နယ်၊ ချောင်းနှစ်ခွကျေးရွာ တံတားထိပ်၌ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် စောညီညီမင်းထက်နှင့် ဇင်ကိုကိုတို့၏ ထွက်ဆိုချက်အရ ဘုရားသုံးဆူမြို့၊ မက္ကသာကျေးရွာရှိ KNLA တပ်မဟာ(၆)ဌာနချုပ် နေရာတွင် အကြမ်းဖက်သင်တန်းအား ဇူလိုင်လ လယ်ခန့်အထိ တက်ရောက်ခဲ့ကြောင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ဘားအံမြို့၊ ပညာရေးဒီဂရီကောလိပ်အနီး လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် ဝေယံဖြိုးနှင့် ဇေယျာလွင်တို့၏ ထွက်ဆိုချက်အရ မြဝတီမြို့၊ လေးကစ်ကော်မြို့သစ်အနီးတွင် KNLA တပ်မဟာ(၆)မှ ဖွင့်လှစ်သည့် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းသို့ နှစ်ပတ်ခန့် တက်ရောက်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၁ ရက်တွင် ဘားအံမြို့နယ်၊ လွန်းညကျေးရွာ၊ ဒေါနအောင်မြေဆီဆိုင်ရှေ့တွင် ဖမ်းဆီးရမိသည့် နိုင်လင်းထွန်း၏ ထွက်ဆိုချက်အရ မြဝတီမြို့နယ်၊ လေးကစ်ကော်မြို့သစ်အနီးရှိ ရေတံခွန်စခန်းနှင့် ဒေါနတောင်အရှေ့ဘက်ခြမ်းရှိ ဒေသအခေါ် တာဘိုးခီးစခန်းတို့တွင် တပ်မဟာ(၆)မှ ဖွင့်လှစ်သည့် အကြမ်းဖက်သင်တန်းအား တက်ရောက်ခဲ့ပြီး မိုင်းပြုလုပ်နည်းများအား လက်တွေ့ပြုလုပ်လေ့ကျင့်ခဲ့ရကြောင်း သိရှိရသည်။

နိုဝင်ဘာ ၁၉ ရက်တွင် ဖမ်းဆီးရမိခဲ့သည့် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများအား ကြိုးကိုင်ဆောင်ရွက်လျက်ရှိသော NLD ပါတီမှ ဇမ္ဗူသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း မောင်ကျော်(ခ)ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လျက်ရှိသော ဖမ်းဆီးရမိ တရားခံများမှာ KNLA တပ်မဟာ(၆)မှ ရင်းမှူးအဆင့်ရှိ စောရန်နိုင် ထံတွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများ တက်ရောက်ခဲ့ကြောင်းနှင့် သိမ်းဆည်းရမိခဲ့သော လက်နက်/ခဲယမ်းများအား CRPH/NUG အကြမ်းဖက်အဖွဲ့၏ တောင်ပိုင်း PDF အကြမ်းဖက်အဖွဲ့တာဝန်ခံ လွင်ကိုလတ်နှင့် မြောက်ပိုင်း PDF အကြမ်းဖက်တာဝန်ခံ ရည်မွန်တို့မှ ဝယ်ယူပြီး KNLA အဖွဲ့များနှင့် ချိတ်ဆက်၍ KNU နယ်မြေများမှတစ်ဆင့် ကုန်းလမ်းကြောင်း/ရေလမ်းကြောင်းများဖြင့် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ KNLA တပ်မဟာ(၆)အနေဖြင့် ၎င်းတို့လှူပ်ရှားရာနယ်မြေအတွင်း၌ PDF အကြမ်းဖက်အဖွဲ့များအား လက်ခံထားရှိ၍ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ သင်ကြားပေးသည့်အပြင် အဆိုပါအဖွဲ့များနှင့် ပူးပေါင်း၍ တပ်မတော်စစ်ကြောင်းများနှင့် တပ်စခန်းများအား နှောင့်ယှက်ပစ်ခတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိကြောင်း၊ ထိုကဲ့သို့လုပ်ဆောင်ရန်အတွက်KNLA တပ်မဟာ(၆)မှ ရင်းမှူးအဆင့်ရှိ စောရန်နိုင်အနေဖြင့် NUG ၊ CRPH နှင့်

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

ပြည်ပအထောက်အပံ့များရယူ၍ ၎င်းတို့အား လက်ခံထားရှိခြင်းဖြစ်ကြောင်း သိရှိရသည်။

မေ ၁၂ ရက်တွင် ပို့ပို့ရွှေဆိုင်အား လုယက်မှုကျူးလွန်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိမှုဖြစ်စဉ်မှ တရားခံ ဖြိုးဝေလင်း(ခ)ကိုဂျက်နှင့် ညီညီလွင် တို့၏ ထွက်ဆိုချက်များအရ ၎င်းတို့အနေဖြင့် KNLA တပ်မဟာ(၇) ငှက်ပျောတောစခန်းတွင် သင်တန်းတက်ရောက်ခဲ့သူများဖြစ်ကြောင်း၊ သင်တန်းတက်ရန်သွားရောက်စဉ် KNLA တပ်မဟာ(၇) တပ်မဟာမှူးအဆင့်ရှိ စောဖောဒိုသည် မြဝတီမြို့နယ်၊ ထိဝါပလောကျေးရွာမှ မော်တော်ယာဉ် ၁ စီးဖြင့် ငှက်ပျောတောစခန်းသို့ လိုက်ပါပို့ဆောင်ပေးခြင်းဖြစ်ပြီး ၎င်းစခန်းတွင် သင်တန်း ၂ ပတ်ခန့် တက်ရောက်ခဲ့ကြောင်း၊ အဆိုပါအကြမ်းဖက်သင်တန်းများအား CRPH / NUG အကြမ်းဖက်အဖွဲ့၏ ထောက်ပံ့မှုဖြင့် စောဖောဒိုမှ လက်ခံဖွင့်လှစ်ခြင်း ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် သင်တန်းတက်ရောက်ပြီး နေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိပါက CRPH/ NUG မှ ခန့်အပ်ထားသည့် ခေါင်းဆောင်များနှင့် ချိတ်ဆက်ကာ အကြမ်းဖက်လုပ်ငန်းများအား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အထက်ပါဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ CRPH/NUG အကြမ်းဖက်အဖွဲ့အနေဖြင့် ၎င်းတို့၏ စီစဉ်ထောက်ပံ့မှုဖြင့် တိုင်းရင်းသားလက်နက်ကိုင်နယ်မြေများအတွင်း ဖွင့်လှစ်သည့် အကြမ်းဖက်နှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ NLD ပါတီဝင်/အမာခံများ၊ CDM ပြုလုပ်သူများနှင့် အစွန်းရောက်လူငယ်များအား တက်ရောက်စေခဲ့ပြီး သင်တန်းတက်ရောက်ပြီးသူများ သက်ဆိုင်ရာ မြို့အသီးသီးသို့ ပြန်လည်ရောက်ရှိချိန်တွင် ၎င်းတို့အဖွဲ့မှ ခန့်အပ်ထားသည့် အကြမ်းဖက်ခေါင်းဆောင်များမှ တစ်ဆင့် လက်နက်/ခဲယမ်းနှင့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများထောက်ပံ့မှုဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် ပြည်သူလူထု စိုးရိမ်ထိတ်လန့်မှုဖြစ်ပွားစေရန် ရည်ရွယ်၍ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊ အေးချမ်းစွာနေထိုင်လိုသော ဒေသခံပြည်သူများ၊ အစိုးရဌာနဆိုင်ရာများနှင့် နီးစပ်သူများအား သူလျှို/ဒလန်ဟုစွပ်စွဲကာ လုပ်ကြံသတ်ဖြတ်စေခြင်း၊ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်းတို့အပြင် ပညာရေးဝန်ထမ်း ဆရာ/ဆရာမများနှင့် အေးချမ်းစွာ ပညာသင်ကြားလိုသော ကျောင်းသား/ကျောင်းသူများအား စိုးရိမ်ထိတ်လန့်ကြောက်ရွံ့စေရန် ရည်ရွယ်၍ စာသင်ကျောင်းများအား ဖောက်ခွဲဖျက်ဆီးခြင်း/မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များအား ဆောင်ရွက်စေခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်လုပ်ငန်းများအား လုပ်ဆောင်နိုင်ခြင်းမရှိစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများအား အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးသည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူမှုများ ဆက်လက်ဆောင်ရွက်သွားမည့်အပြင် အားပေးအားမြှောက်ပြုသူများ၊ နောက်ကွယ်မှ ထောက်ပံ့စေခိုင်းသူများကိုလည်း ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

KNLA တပ်မဟာ (၁)နယ်မြေအတွင်းရှိ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းနေရာမှ သိမ်းဆည်းရမိသည့် ပစ္စည်းများ



KNLA တပ်မဟာ (၁) နှင့်(၇) နယ်မြေအတွင်း ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ရောက်ခဲ့ပြီး အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သူများ



ဖြိုးဝေလင်း(ခ)ကိုဂျက်



ညီညီလွင်



ရှိုင်းထက်အောင်



KNLA တပ်မဟာ (၇)နယ်မြေအတွင်း အကြမ်းဖက် သင်တန်းလက်ခံဖွင့်လှစ်ပေးသူ စောဖောဒို


KNLA တပ်မဟာ(၁) နယ်မြေ ကျိုက်ထိုမြို့နယ် ကော်ကပ်ကျေးရွာအနီးတွင် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းဖွင့်လှစ်ခဲ့သည့် နေရာပြမြေပုံ



KNLA တပ်မဟာ(၃) နယ်မြေအတွင်း ဖောက်ခွဲဖျက်ဆီးရေးသင်တန်းဖွင့်လှစ်ခဲ့သည့် နေရာပြမြေပုံ



KNLA တပ်မဟာ(၁) နယ်မြေအတွင်းရှိ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းဖွင့်လှစ်ခဲ့သည့် နေရာပြမြေပုံ



KNLA တပ်မဟာ(၇) ငှက်ပျောတောစခန်းတွင် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းဖွင့်လှစ်ခဲ့သည့် နေရာပြမြေပုံ



KNLA တပ်မဟာ(၆) နယ်မြေ ဘုရားသုံးဆူမြို့နယ် မက္ကသာကျေးရွာအနီးတွင် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းဖွင့်လှစ်ခဲ့သည့် နေရာပြမြေပုံ



KNLA တပ်မဟာ(၆) နယ်မြေ လေးကစ်ကော်မြို့သစ်တွင် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းဖွင့်လှစ်ခဲ့သည့် နေရာပြမြေပုံ



KNLA တပ်မဟာ(၆) နယ်မြေ ကြာအင်းဆိပ်ကြီးမြို့နယ် ဘော်ဒိုင်းကျေးရွာအနီးတွင် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းဖွင့်လှစ်ခဲ့သည့် နေရာပြမြေပုံ





KNLA နယ်မြေအတွင်းရှိ အကြမ်းဖက်သင်တန်းဆင်းပွဲသို့ CRPH/NUG အကြမ်းဖက်အဖွဲ့၏ တောင်ပိုင်းအကြမ်းဖက် PDF အဖွဲ့ တာဝန်ခံ လွင်ကိုလတ် လာရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ

# ရေးမြို့နယ်၌ ဘတ္တာငွေများတင်ဆောင်လာသည့် မော်တော်ယာဉ်များအား လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များက လုယက်ယူဆောင်ရန် လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အမျိုးသားတစ်ဦး သေဆုံးကာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် နိုဝင်ဘာ ၂၅

**မွန်ပြည်နယ် ရေးမြို့နယ်၌ ဘတ္တာငွေများတင်ဆောင်လာသည့်မော်တော်ယာဉ်များအား လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များက လုယက်ယူဆောင်ရန် နိုဝင်ဘာ ၂၄ ရက်တွင် လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အမျိုးသားတစ်ဦး သေဆုံးကာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါပြီး မော်လမြိုင်မြို့၊ မြန်မာ့စီးပွားရေး ဘဏ်ခွဲ(၁)မှ ရေးမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ ပို့ဆောင်မည့် ဘတ္တာငွေများ တင်ဆောင်ထားသည့် မော်တော်ယာဉ်နှစ်စီးသည် မော်လမြိုင်မြို့မှ ရေးမြို့သို့ မော်လမြိုင်-ရေးကား လမ်းအတိုင်း ထွက်ခွာခဲ့ရာ ဝဲဘက် တောင်ကုန်းပေါ်နေ၍ ကနင်ကမော့ ကျေးရွာအနီး အရောက် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့ပူးပေါင်းအဖွဲ့က လမ်း၏ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဘတ္တာငွေများ သယ်ဆောင်လာသည့် ယာဉ်ပေါ်တွင် လိုက်ပါလာသော လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါ အကြမ်းဖက်အဖွဲ့များမှာ ကနင်ကမော့ကျေးရွာနှင့် နှစ်ကရင်ကျေးရွာများဘက်သို့ ဆုတ်ခွာသွားခဲ့သည်။

**ပစ်ခတ်တိုက်ခိုက်**

ထိုကဲ့သို့ ဘတ္တာငွေများ သယ်ဆောင်လာသည့် မော်တော်ယာဉ်များအား အကြမ်းဖက်အဖွဲ့များက လုယက်ရန်အတွက် ပစ်ခတ်တိုက်ခိုက်ခဲ့မှုဖြစ်စဉ်အတွင်း ယာဉ်မောင်း အမျိုးသားတစ်ဦးတွင် ကျည်ထိမှန် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကာ လုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦးတွင် ထိခိုက်ဒဏ်ရာအနည်းငယ် ရရှိခဲ့ပြီး မော်တော်ယာဉ်တစ်စီး၏ လေကာမှန် ကျည်ထိမှန် ပျက်စီးခဲ့ကြောင်းနှင့် အဆိုပါငွေသယ်ယာဉ်များသည် ဆက်လက်ထွက်ခွာလာခဲ့ရာ ရေးမြို့သို့ ည ၆ နာရီ မိနစ် ၄၀ တွင် ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကန်ပက်လက်မြို့နယ်ရှိ CDF လက်နက်ကိုင်အကြမ်းဖက်အဖွဲ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတို့အား မီးရှို့ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၅**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ CDF လက်နက်ကိုင်အကြမ်းဖက်အဖွဲ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတို့အား နိုဝင်ဘာ ၂၃ ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**မီးရှို့ဖျက်ဆီး**

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၃ ရက် ည ၉ နာရီ မိနစ် ၄၀ တွင် ကန်ပက်လက်မြို့နယ် မြို့မ(၁)ရပ်ကွက်ရှိ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် မြို့နယ်လဝကရုံးတို့အား CDF အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့၍ မီးလောင်မှုဖြစ်ပွားခဲ့ပြီး မြို့နယ်လဝကရုံးမှာ ၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှာ ည ၁၁ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့သည်။

**ပျက်စီးဆုံးရှုံး**

မီးလောင်မှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နိုဝင်ဘာ ၂၄ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် သွားရောက်စစ်ဆေးခဲ့ရာ CDF အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် အလျားပေ ၄၀၊ အနံပေ ၂၀ ရှိမြို့နယ်လဝကရုံးတစ်ရုံးနှင့် ရုံးအတွင်းထားရှိသည့် ရုံးအသုံးအဆောင်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ သိန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ အလျားပေ ၈၀၊ အနံပေ ၃၀ အစည်းအဝေးခန်းမတစ်လုံး၊ အလျားပေ ၆၀ ၊ အနံ ၂၈ ပေ ရုံးအဆောက်အဦတစ်လုံး၊ ရုံးအတွင်းထားရှိသည့် ရုံးအသုံးအဆောင်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၁၆၀ )နှင့် ရုံးခန်းအတွင်းရှိ မီးခံသေတ္တာအတွင်း၌ ထိန်းသိမ်းထားရှိသည့် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၃၂၅ ဒသမ ၅ သိန်းအနက်မှ ငွေကျပ် ၅,၈၃၄,၃၀၀ မှာ မီးလောင်ကျွမ်း ပျက်စီးဆုံးရှုံးခဲ့သည်။

ထိုကဲ့သို့ နိုင်ငံတော်ပိုင်ရုံးအဆောက်အဦများအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မတော်စစ်ကြောင်းနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကန့်ဘလူမြို့နယ် ချပ်ကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၅**

အကြမ်းဖက် အဖွဲ့အစည်းများဖြစ်သည့် CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဗုဒ္ဓဘာသာဝင်တို့၏ ကိုးကွယ်ဆည်းကပ်ရာ ရဟန်းသံဃာတော်များ၊ အနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၊ နိုင်ငံ့ဝန်ထမ်းကောင်းများ၊ အေးချမ်းစွာနေထိုင်သော ပြည်သူများကို ရက်စက်ယုတ်မာစွာ အကြမ်းဖက်သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အခြေခံအဆောက်အအုံများဖြစ်သည့် စာသင်ကျောင်းများ၊ ဆေးရုံများ၊ အစိုးရရုံးဌာနများ၊ အများပြည်သူနှင့် သက်ဆိုင်သော စီးပွားရေး အဆောက်အအုံများ၊ နေအိမ်အဆောက်အအုံများ၊လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများကို ဆင်ခြင်တုံတရားမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ နိုဝင်ဘာ ၂၃ ရက် ည ၉ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချပ်ကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအတွင်းရှိ တိုးချဲ့စာသင်ဆောင်၏ ရှေ့မျက်နှာစာလမ်းပေါ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လက်လုပ်မိုင်းထောင်ကာ ဖောက်ခွဲခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါလမ်းပေါ်၌ အကျယ် ၄ လက်မ၊ အနက် ၅ စင်တီမီတာခန့် ပေါက်ပြဲကာ ကျောင်းဆောင်အမိုးသွပ် ၁၂ ချပ်တွင် ယမ်းစများထိမှန် ပျက်စီးခဲ့ပြီး ကျောင်းဆောင် နံရံများတွင် “NUG” စာသားပါ ဆန့်ကျင်စာသားများ ရေးသားထားခဲ့ကြောင်း သိရသည်။

အထက်ပါ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



ကန့်ဘလူမြို့နယ် ချပ်ကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအတွင်း အကြမ်းဖက်သူများက ဆန့်ကျင်စာသားများရေးသားကာ လက်လုပ်မိုင်းတစ်လုံး ဖောက်ခွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။






## မူးယစ်ကိုပစ် ပန်းတိုင်သစ်၊ စိတ်သစ်လူသစ် ဘဝသစ်

# ဘရာဇီးနိုင်ငံ၌ ၂၀၂၂ ကာနီဗယ်ပွဲတော်ကျင်းပခြင်းကို ကိုဗစ်-၁၉ ရောဂါကြောင့် ဖျက်သိမ်း

**ဆော်ပေါ်လို နိုဝင်ဘာ ၂၅**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမည်ကို စိုးရိမ်သောကြောင့် ဘရာဇီးနိုင်ငံ ဆော်ပိုလိုနှင့် မီနက်စ်ဂီရေ့စ်ပြည်နယ် အရှေ့တောင်ပိုင်းရှိ၅၈ မြို့နယ်ထက်မနည်း ၂၀၂၂ ကာနီဗယ်ပွဲတော် အခမ်းအနားကျင်းပခြင်းများကို ဖျက်သိမ်းရန် ဆုံးဖြတ်လိုက်ကြောင်း ဒေသတွင်းသတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ဒုတိယအကျော့ ကူးစက်ဖြစ်ပွားပြီး သေဆုံးမှုများနေစဉ် ၂၀၂၁ ခုနှစ်တွင်လည်း အကျော်ကြားဆုံး ဘရာဇီးပွဲတော်များကို ဖျက်သိမ်းခဲ့ရသည်။

ဒေသတွင်းသတင်းမီဒီယာများ၏ ဖော်ပြချက်အရ မီနက်စ်ဂီရေ့စ်ရှိ လေးမြို့နှင့် ဆော်ပေါ်လိုပြည်နယ်ရှိ ၅၄ မြို့တွင် ကိုဗစ်-၁၉ စိုးရိမ်မှုကြောင့် ယခုနှစ်ပွဲတော်များကို ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။

ကာနီဗယ်ပွဲတော်အတွင်း နိုင်ငံအနှံ့မှ ပြည်သူများ လာရောက်လေ့ရှိကြသဖြင့် မိမိတို့အနေဖြင့် စွန့်စွန့်စားစားဖြင့်အန္တရာယ်ယူပြီး လုပ်ရမည့်ကိစ္စများကို မလုပ်လိုတော့ကြောင်း မြို့တော်ဝန် ဖရန်ကာ အလက်ဇန်ဒရီ ဖာရီရာက သတင်းထောက်များကို ပြောကြားလိုက်သည်။

ထို့အပြင် မြို့အတော်များများတွင် ငွေရေးကြေးရေး ကျပ်တည်းမှုများနှင့် ရင်ဆိုင်နေရသည်။

ဆင်ဟွာ



၂၀၁၃ ခုနှစ် ရီယိုကာနီဗယ်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

## မော်လ်တာနိုင်ငံ၌ ကယ်ဆယ်မှုများလုပ်နေစဉ် ရွှေ့ပြောင်းဒုက္ခသည်အမျိုးသမီးတစ်ဦး သေဆုံး

**ဗယ်လက်တာ နိုဝင်ဘာ ၂၅**

မော်လ်တာတပ်မတော်က ကယ်တင်ခဲ့သော ရွှေ့ပြောင်းဒုက္ခသည် ၄၃ ဦးပါအဖွဲ့ရှိ အမျိုးသမီးတစ်ဦးသည် မော်လ်တာနိုင်ငံကို ပြန်ရောက်ပြီးမကြာမီ သေဆုံးခဲ့ကြောင်း စစ်တပ်က ကြေညာချက်တွင် ထုတ်ပြန်ဖော်ပြခဲ့သည်။

အမျိုးသမီး ၁၂ ဦးနှင့် ကလေးနှစ်ဦးပါ ဒုက္ခသည်များနှင့် ပြည့်နေသော လှေတစ်စင်းကို ကယ်ဆယ်ခဲ့သည်။



ရွှေ့ပြောင်းဒုက္ခသည်တစ်ဦးကို ဆေးအဖွဲ့က လိုအပ်သည်များ ပံ့ပိုးပေးနေသည်ကို တွေ့ရစဉ်။

ကယ်ဆယ်မှုများလုပ်နေ့စဉ် ရွှေ့ပြောင်းဒုက္ခသည်များကို ၎င်းတို့၏လိုအပ်ချက်များအရ ပထမဆုံး ကူညီထောက်ပံ့မှုများလုပ်ဆောင်ခဲ့သည်။ စိတ်မကောင်းလှစွာနှင့် ဒုက္ခသည်တစ်ဦးမှာ ပြန်ရောက်ပြီးမကြာမီ သေဆုံးခဲ့ကြောင်း စစ်ဘက်ကပြောသည်။

ကျန်ရှိနေသည့် ဒုက္ခသည်များသည် ဆေးဘက်ဆိုင်ရာ ကုသမှုများကို ခံယူလျက်ရှိသည်။ များသောအားဖြင့် ဒုက္ခသည်များသည် နေမကောင်းခြင်းများနှင့် မောပန်းနုံးချည့်ခြင်းများကို ခံစားနေရသည်။

အဆိုပါလှေသည် ယခုလတွင် မော်လ်တာသို့ အခြေချခဲ့သော ဒုတိယမြောက် ဒုက္ခသည်လှေဖြစ်သည်။

ဆင်ဟွာ

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပြီးသူ ၇၇ ဒသမ ၅ သန်းရှိ

**မနီလာ နိုဝင်ဘာ ၂၅**

ဖိလစ်ပိုင်နိုင်ငံတွင် နိုဝင်ဘာ ၂၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၉၇၅ ဦးတိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၂၈၂၉၆၁၈ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၁၉၃ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူပေါင်း ၄၇၈၇၅ ဦးအထိ ရှိလာခဲ့သည်။

လတ်တလော နေ့စဉ် ကိုဗစ်-၁၉ ကူးစက်သူ ၁၀၀၀ အောက် လျော့နည်းကျဆင်းလာခဲ့သည်မှာ နှစ်ရက်မြောက်ရှိပြီဖြစ်ကြောင်း ဒီအိုအိတ်ချ်က ဖော်ပြသည်။

ထို့အပြင် မကြာသေးမီသီတင်းပတ်က ပျမ်းမျှ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်း နောက်ထပ်ကျဆင်းလာကြောင်း ဒီအိုအိတ်ချ်က ဖော်ပြခဲ့သည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် စက်တင်ဘာ ၁၁ ရက်က ၂၆၃၀၃ ဦးဖြင့် အမြင့်ဆုံးဖြစ်ခဲ့သည်။

နိုဝင်ဘာ ၂၄ ရက်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၇၇ ဒသမ ၅ သန်းရှိပြီး ၃၄ သန်းကျော်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးပြီးဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေသန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၂၂ ဒသမ ၅ သန်းကျော် ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

## သီရိလင်္ကာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၁၄ ဦး သေဆုံး

**ကိုလံဘို နိုဝင်ဘာ ၂၅**

သီရိလင်္ကာနိုင်ငံတစ်ဝန်း လွန်ခဲ့သော သီတင်းပတ်ကတည်းက လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ လူ ၁၄ ဦးသေဆုံးခဲ့ပြီး တစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း သဘာဝဘေး ဒုက္ခစီမံခန့်ခွဲရေးစင်တာ (ဒီအမ်စီ) က ပြောသည်။

ဒီအမ်စီ၏ နောက်ဆုံးကိန်းဂဏန်းများအရ ဆိုးရွားလှသော ရာသီဥတု အခြေအနေကြောင့် ဒေသကိုးခုရှိ မိသားစုဝင်ပေါင်း ၁၀၀၀၀၀ ကျော် ဘေးဒုက္ခရောက်ခဲ့ကြောင်းနှင့် လူပေါင်း ၁၁၄ ဦးမှာ ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရပြီး ၂၂ ဦးမှာ ဒဏ်ရာများရရှိခဲ့သည်။

သီရိလင်္ကာ မိုးလေဝသဌာနက နိုဝင်ဘာ ၂၅ ရက်အစောပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးရေချိန်လက်မ ၁၀၀ အထက် ရောက်ရှိနိုင်သော ဒေသ ၁၉ ခု အတွက် အနီရောင်သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း ပြောသည်။

သီရိလင်္ကာ အရှေ့တောင်ပိုင်းတွင် လေထုဖိအား လျော့နည်းနေသောကြောင့် မိုးလေဝသဌာနက အနီရောင်သတိပေးချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လာမည့် ၂၄ နာရီအတွင်း မိုးလေဝသအခြေအနေမှာ ပိုပိုဆိုးလာနိုင်သော်လည်း လေဖိအားလျော့နည်းမှုများသည် အနောက်မြောက်စူးစူးသို့ ရွေ့လျားသွားနိုင်ကြောင်း ခန့်မှန်းထားသည်။

အနိမ့်ပိုင်းဒေသတွင် နေထိုင်သူများကို ဘေးကင်းရာသို့ ပြောင်းရွှေ့ရန် အကြံပေးထားသည်။

ဆင်ဟွာ



သီရိလင်္ကာနိုင်ငံ နီဂွန်ဘိုမြို့ရှိ ရေကြီးနေသည့် လမ်းတစ်ခုပေါ်တွင် ဆိုင်ကယ်စီးသမား တစ်ဦးကို တွေ့ရစဉ်။

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်သူ ၁၂၄၅၀ ရှိ

**ဟနွိုင်း နိုဝင်ဘာ ၂၅**

ဗီယက်နမ်နိုင်ငံတွင် နိုဝင်ဘာ ၂၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၂၄၅၀ ရှိလာကြောင်းဖော်ပြခဲ့ပြီး ပြည်ပကူးစက်ဖြစ်ပွားသူ ၂၁ ဦးနှင့် ပြည်တွင်းကူးစက်သူ ၁၂၄၂၉ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၁၁၆၈၂၂၈ ဦးအထိ ရောက်ရှိလာပြီး ၂၄၄၀၇ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကျန်းမာလာသူ ၉၄၂၈၈၈ ဦး ရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း ၁၁၄ ဒသမ ၆ သန်းနီးပါးရှိလာပြီဖြစ်သည်။ ထိုအထဲတွင် ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်း ၄၆ ဒသမ ၁ သန်း ပါဝင်သည်။

လက်ရှိကိုဗစ်-၁၉ လှိုင်းဂယက်စတင်ဖြစ်ပွားရာ ဧပြီနှောင်းပိုင်းမှစကာ နိုဝင်ဘာ ၂၅ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်းကိုဗစ်-၁၉ ကူးစက်သူပေါင်း ၁၁၆၃၀၀၀ ကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဆင်ဟွာ

# နိုဝင်ဘာ ၂၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၈၂ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၉ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၀၅၈ ဦးရှိ

(၂၅-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅) နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်း ကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၅,၈၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု**လူနာသစ် (၄၈၂) ဦး** တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၈၇) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၇၅,၀၅၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၅၂၀,၂၁၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇၀၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၉၄,၁၀၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် **ထပ်မံသေဆုံးသူ (၉) ဦး** ရှိသဖြင့် ယနေ့ အထိ သေဆုံးသူစုစုပေါင်း (၁၉,၀၅၈) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၅–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၃၅) ခု | (၃၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၅) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၉၉) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၂၂) ခု | (၁) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၃၉) ခု | (၁) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၉) ခု | – |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၉) ခု | (၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၁၃) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၈၇) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၃,၀၀၇) ခု | (၄၂၅) ဦး |
| စုစုပေါင်း | (၂၅,၈၁၅) ခု | (၄၈၂) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၅- ၁၁ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၈၉၇၂၅၅၀ | ၃၈၇၈၇၆၉၄ | ၇၉၈၂၄၅ |
| ၂။ | အိန္ဒိယ | ၃၄၅၅၄၈၈၂ | ၃၃၉၆၇၉၆၂ | ၄၆၆၉၈၀ |
| ၃။ | ဘရာဇီး | ၂၂၀၄၃၄၁၇ | ၂၁၂၆၄၇၁၃ | ၆၁၃၄၁၆ |
| ၄။ | ဗြိတိန် | ၉၉၇၄၈၄၃ | ၈၈၃၄၁၈၈ | ၁၄၄၂၈၆ |
| ၅။ | ရုရှား | ၉၄၆၈၁၈၉ | ၈၁၆၄၈၂၆ | ၂၆၉၀၅၇ |
| ၆။ | တူရကီ | ၈၆၅၂၁၇၂ | ၈၁၇၈၅၂၀ | ၇၅၆၁၈ |
| ၇။ | ပြင်သစ် | ၇၄၈၃၂၈၂ | ၇၀၇၁၆၀၀ | ၁၁၈၇၃၄ |
| ၈။ | အီရန် | ၆၀၉၇၆၇၂ | ၅၈၃၀၆၅၃ | ၁၂၉၃၇၆ |
| ၉။ | ဂျာမနီ | ၅၅၄၆၉၁၅ | ၄၇၄၄၄၀၀ | ၁၀၀၄၈၁ |
| ၁၀။ | အာဂျင်တီးနား | ၅၃၁၉၈၆၇ | ၅၁၈၄၉၇၃ | ၁၁၆၄၅၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၅– ၁၁ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၄၈၁၅ | ၄၁၀၂၉၉၃ | ၁၄၃၇၈၂ |
| ဖိလစ်ပိုင် | ၂၈၂၉၆၁၈ | ၂၇၆၃၉၄၇ | ၄၇၈၇၅ |
| မလေးရှား | ၂၆၀၂၈၃၅ | ၂၅၀၃၄၂၇ | ၃၀၁၄၇ |
| ထိုင်း | ၂၀၈၈၃၂၇ | ၁၉၈၇၀၈၉ | ၂၀၅၇၉ |
| ဗီယက်နမ် | ၁၁၆၈၂၂၈ | ၉၄၂၈၈၈ | ၂၄၄၀၇ |
| မြန်မာ | ၅၂၀၂၁၃ | ၄၉၄၁၀၇ | ၁၉၀၅၈ |
| စင်ကာပူ | ၂၅၇၅၁၀ | ၂၃၈၉၀၉ | ၆၇၈ |
| ကမ္ဘောဒီးယား | ၁၂၀၀၀၉ | ၁၁၆၃၈၇ | ၂၉၁၈ |
| လာအို | ၆၇၃၂၂ | ၅၆၂၁၄ | ၁၄၃ |
| ဘရူနိုင်း | ၁၄၇၇၁ | ၁၄၂၁၀ | ၉၇ |

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၅

**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကကြီးမှူး၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ လူကိုယ်တိုင်တက်ရောက်ခြင်းဖြင့်လည်းကောင်း၊ online ကတစ်ဆင့် တက်ရောက်ခြင်းဖြင့်လည်းကောင်း ပုံစံနှစ်မျိုးပေါင်းစပ်ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ နေပြည်တော် အမျိုးသမီးကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဌာနအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ယခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု ဆောင်ပုဒ်ဖြစ်သည့် **"Orange the world: End violence against women now!" "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့"** နှင့်အညီ အမျိုးသမီးများ၏ နေ့စဉ်ဘဝတွင် ထိပါးနှောင့်ယှက်ခံရမှု၊ အကြမ်းဖက်မှုများကြုံတွေ့နေရမှု အပေါ် ကျူးလွန်ခံရသူကို မိဘဆွေမျိုး၊ အိမ်နီးချင်း၊ ပတ်ဝန်းကျင်တို့က ပြစ်တင်ရှုတ်ချခြင်း၊ ပစ်ပယ်ခြင်း မပြုဘဲ ကာကွယ်ဖေးမပေးခြင်း၊ စာနာနားလည်ပေးခြင်း၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးတိုင်းအတွက် လိုအပ်သည့် လူမှုရေးအထောက်အပံ့ကောင်း များကို လွယ်လင့်တကူရရှိစေရန် ပံ့ပိုးပေးခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပေါ်လာပါက ရပ်တည်ကူညီပေးမည့် မိသားစု၊ အိမ်နီးချင်း အသိုင်းအဝိုင်းတစ်ခု ရှိနေပေးခြင်း၊ အကြမ်းဖက်မှုကျူးလွန်သူတိုင်းကို ပြစ်မှုနှင့် လျော်ညီထိုက်တန်သည့် ပြစ်ဒဏ်ပေးနိုင်ပြီး ထိရောက်သော ဥပဒေဖြင့် အကာအကွယ်ပေးခြင်း စသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ လျော့နည်းပပျောက်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရမှုများမှ ကာကွယ်စောင့်ရှောက်ရေး အတွက် သက်ဆိုင်သည့် လုပ်ငန်းအစီအစဉ်များ၊ မူဝါဒများ၊ စီမံကိန်းများ၊ စီမံချက်များ၊ လမ်းညွှန်ချက်များကို ချမှတ်ဖော်ဆောင်သည့် နေရာတွင် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများကပါ ဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်နေသည့် လုပ်ငန်းများကို ယခုထက် ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်၊ ဆောင်ရွက်ရန် ကျန်နေသေးသည်များကိုလည်း ယခုပင်စတင်ဆောင်ရွက်ပေးကြပါဟု ပြောကြားသည်။




ထို့နောက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အသိပညာပေးဆိုင်ရာ Video Clip ကို ပြသသည်။

ယင်းနောက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ အကြိုလှုပ်ရှားမှု အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ပထမဆုရရှိသူ ဦးသန်းထွဋ်ဝင်းနှင့် ဉာဏ်စမ်းပဟေဠိဖြေဆိုပွဲမှ ဆုရရှိသူ ဦးဇော်ဟိန်းအောင် တို့အား ပြည်ထောင်စုဝန်ကြီးက ဆုပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ထို့နောက် ဉာဏ်စမ်းပဟေဠိဖြေဆိုပွဲမှ ဆုရရှိသူ ဒေါ်မေဦးဟန်အား ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ဒေါ်စုစုမော် အား နေပြည်တော်၊ အမျိုးသမီးကော်မတီဥက္ကဋ္ဌ တို့က ဆုချီးမြှင့်ပြီး ကျန်ဆုရရှိသူများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပမည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၄၃) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံနှင့် ဆက်စပ်အစည်းအဝေးဖြစ်သည့် ASEAN + 3 အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၂၅

ASEAN+3 ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သော ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်က ကြီးမှူး၍ (၁၄၃) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များ ညီလာခံနှင့် ဆက်စပ်အစည်းအဝေးဖြစ်သည့် ASEAN + 3 အစည်းအဝေးကို virtual စနစ်ဖြင့် ယနေ့တွင် ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာမြတ်စိုးနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။ (ဝဲပုံ)

အစည်းအဝေးသို့ ASEAN+3 ပါလီမန်အဖွဲ့ဝင်များတက်ရောက်ကြပြီး ASEAN+3 အလှည့်ကျဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားကာ အစည်းအဝေးအစီအစဉ်ကိုအတည်ပြုခြင်း၊ ၂၀၂၁ ခုနှစ် ဧပြီလတွင် ကျင်းပပြုလုပ်ခဲ့သည့် ASEAN + 3 အစည်းအဝေး၏ အစည်းအဝေးမှတ်တမ်းအတည်ပြုခြင်း၊ (၁၄၃) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များ ညီလာခံအတွင်း လစ်လပ်နေရာများ ဖြည့်ဆည်းခြင်း၊ Drafting Committee on the Emergency Item အတွက် အမည်စာရင်းတင်သွင်းခြင်းနှင့် ၂၀၂၂ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် ASEAN+3 အစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌကို အတည်ပြုခြင်းတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သီပေါ၌ မိုးစပါးစံကွက်စတင်ရိတ်သိမ်းရာ တစ်ဧက ၈၇ ဒသမ ၁၁ တင်းထွက်ရှိ

**သီပေါ နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စားနပ်ရိက္ခာဒေသဝမ်းစာဖူလုံရေး တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရေး၊ မျိုးစေ့ထုတ်လုပ်ပြီး တောင်သူများ ဝင်ငွေတိုးပွားစေရေး လယ်ယာထွက်ကုန်များ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးတို့ကို ရည်ရွယ်လျက် မျိုးကောင်းမျိုးသန့်ပွားစံပြစိုက်ခင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းက စတင်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။



အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို ပေါ်ကြိုကျေးရွာအုပ်စု မော်ကေဆားတွင်းကျေးရွာ တောင်သူ ဦးစိုင်းနန္ဒောလယ်မြေကွင်းအမှတ် ၁၁၇ ဦးပိုင် (၁၇/၁) စိုက်ဧက ၁ ဒသမ ၅၀ ဧကတွင် Quiek Win အစီအစဉ်ဖြင့် ဆောင်ရွက်သောမိုးစပါး မော်ဘီ-၂ မျိုးစေ့ထုတ်စိုက်ခင်း၌ မိုးစပါးတစ်ဧကအထွက်နှုန်း မှန်ကန်စေရေးအတွက် မော်ဘီ-၂ မျိုးကွဲကောင်း ကိုယ်စားပြုစံကွက် ပေ (၆၆ x ၆၆) ၀ ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း ၈၇ ဒသမ ၁၁ တင်း ထွက်ရှိခဲ့သည်။ **စိုင်း(သီပေါ)**

# မဘိမ်းမြို့၌ ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲအခမ်းအနားကျင်းပ

**မဘိမ်း နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ် မြောက်ပိုင်း၊ မဘိမ်းမြို့တွင် ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်းက ကျေးရွာမြေငှားဂရန်များ ထုတ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မဘိမ်းမြို့နယ် ကုန်းမခံကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေ ၁၁၇ အိမ်၏ အိမ်ခြံမြေပိုင်ရှင်များထံသို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက




အိမ်ခြံမြေပိုင်ရှင်များ ထံသို့ ကျေးရွာမြေငှား ဂရန်စာချုပ်များကို ပေးအပ်ကြောင်း သိရသည်။ **မျိုးမင်း (ပြန်/ဆက်)**

# အာဆီယံလက်မှတ်ရစာရင်းပညာရှင် ၅၆၉၇ ဦးတွင် မြန်မာနိုင်ငံမှ အာဆီယံလက်မှတ်ရစာရင်းပညာရှင် ၄၇၇ ဦး ပါဝင်ဆောင်ရွက်နိုင်ပြီဖြစ်

**နေပြည်တော် နိုဝင်ဘာ ၂၅**

အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းကိုင်များအဖွဲ့ချုပ် (ASEAN Federation of Accountants–AFA) နှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (Myanmar Institute of Certified Public Accountants –MICPA)တို့ ပူးပေါင်း၍ အင်ဒိုနီးရှားနိုင်ငံ AFA အတွင်းရေးမှူးရုံးက ယနေ့နံနက် ၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အရှေ့တောင်အာရှ နိုင်ငံများဆိုင်ရာ စာရင်းကိုင်များအဖွဲ့ချုပ်၏ (၂၂) ကြိမ်မြောက် ညီလာခံသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း နာယကပါမောက္ခ ဒေါက်တာကံဇော် ပါဝင်တက်ရောက်သည်။ **(ယာပုံ)**




### ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား

ညီလာခံဖွင့်ပွဲအခမ်းအနားတွင် လက်ရှိ AFA ဥက္ကဋ္ဌ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (Myanmar Institute of Certified Public Accountants–MICPA) ဥက္ကဋ္ဌ ဦးဝမ်းတင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပါမောက္ခ ဒေါက်တာကံဇော်က အထူးဧည့်သည်တော်အဖြစ် ကြိုဆို နှုတ်ခွန်းဆက်မိန့်ခွန်း ပြောကြားရာတွင် မြန်မာနိုင်ငံသည် AFA အစည်းအဝေးများကို ၂၀၀၃ ခုနှစ်၊ ၂၀၁၁ ခုနှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်များတွင် အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပသည့်အစဉ်အလာရှိခဲ့ပြီး ယခု ၂၀၂၁ ခုနှစ် AFA ညီလာခံကို အိမ်ရှင်အဖြစ် ပူးတွဲကျင်းပနိုင်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

### အထောက်အကူဖြစ်စေ

အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းကိုင်များအဖွဲ့ချုပ် AFA ၏ လမ်းညွှန်များနှင့် ကတိကဝတ်များသည် ဒေသတွင်း စည်းလုံးညီညွတ်သော စာရင်းကိုင်လုပ်ငန်း ဖြစ်ပေါ်စေရန် ပံ့ပိုးကူညီနိုင်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော စာရင်းကိုင်အဖွဲ့အစည်းများ ဖွဲ့စည်းနိုင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူဖြစ်စေပါကြောင်း၊ ထို့ပြင် AFA သည် နိုင်ငံတကာ စာရင်းကိုင်အဖွဲ့အစည်းများနှင့် အပြန်အလှန် အကျိုးတူပူးပေါင်း၍ အာမခံ၊ အကြံပေးခြင်းနှင့် စာရင်းကိုင်ဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးနိုင်ရန် ဒေသတွင်းနှင့် နိုင်ငံတကာကွန်ရက်ကို ခိုင်မာစွာ တည်ဆောက်ထားခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း။

### အကောင်းဆုံးကြိုးစားလျက်ရှိ

မြန်မာနိုင်ငံအနေဖြင့် ပထမဦးဆုံး ဒီမိုကရေစီအစိုးရလက်ထက် (၂၀၁၁–၂၀၁၆) ခုနှစ်မှစ၍ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်လာစေရေးသာမက ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများနှင့်အညီ ဖြစ်စေရေးတို့ကို ဆောင်ရွက်ခဲ့ပြီး ဒေသတွင်းအသိုက်အဝန်းတွင်ပါဝင်၍ ပြည်သူများအတွက် အကျိုးကျေးဇူးရရှိရန် အကောင်းဆုံးကြိုးစားလျက်ရှိပါကြောင်း၊ အာဆီယံအသိုက်အဝန်းကို ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ သာယာဝပြောရေးတို့အတွက် အတူတကွပေါင်းစည်း၍ "မတူကွဲပြားမှုများမှညီညွတ်မှု" ပြယုဂ်အဖြစ် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

### အကျိုးရလဒ်များဖြစ်ထွန်းမှုကို ကြိုဆို

စာရင်းကိုင်စံများကို အဆင့်မြှင့်တင်ရန် AFA နှင့် အာဆီယံနိုင်ငံများ၏ စာရင်းပညာရှင်များ ပူးပေါင်းဆောင်ရွက်၍ အကျိုးရလဒ်များဖြစ်ထွန်းမှုကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် AFA ၏ ဖွံ့ဖြိုးမှုစီမံကိန်းများတွင် တစ်စိတ်တစ်ဒေသအားဖြင့် ပါဝင်ဆောင်ရွက်နိုင်ပြီး AFA နှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Mr. Dato' Paduka Lim Jock Hoi က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

ထို့နောက် ဆွေးနွေးပွဲကို အပိုင်း (၃) ပိုင်းခွဲ၍ ကျင်းပခဲ့ရာ အနာဂတ်ကာလအတွက် ဘဏ္ဍာရေးအစီရင်ခံစာပြုစုတင်ပြခြင်းဆိုင်ရာ ဆောင်ရွက်ရမည့် ပုံစံများနှင့်စပ်လျဉ်း၍ နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံများအဖွဲ့ (IFRS Foundation) မှ Mr. Masamichi Kono, Trustee နှင့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ ကိုယ်စားလှယ်များကလည်းကောင်း၊ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုနှင့် အရည်အချင်းများကို တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ စင်ကာပူ ချာတာစာရင်းကိုင်များအသင်း (Institute of Singapore Chartered Accountants) မှ CEO–Designate Ms. Fann Kor၊ နှင့် မလေးရှားနိုင်ငံနှင့် ICAEW တို့မှ ကိုယ်စားလှယ်များကလည်းကောင်း၊ စာရင်းပညာရပ်ဆိုင်ရာ အခန်းကဏ္ဍ အရည်အသွေး မြှင့်တင်ခြင်းနှင့် စပ်လျဉ်း၍ ချာတာလက်မှတ်ရ စာရင်းကိုင်များအသင်း (Association of Chartered Certified Accountants– ACCA) မှ Mr. Jamie Lyon နှင့် တောင်အာရှ စာရင်းကိုင်များအဖွဲ့၊ IFAC နှင့် AFA တို့မှ ကိုယ်စားလှယ်များကလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတကာ စာရင်းကိုင်များအဖွဲ့ချုပ် (IFAC) ဥက္ကဋ္ဌ Mr. Alan Johnson က ဆွေးနွေးပွဲဆိုင်ရာအနှစ်ချုပ်စကားပြောကြားသည်။

### အလှည့်ကျဥက္ကဋ္ဌ တာဝန်လွှဲပြောင်း

ယင်းနောက် အရှေ့တောင်အာရှ နိုင်ငံများဆိုင်ရာ စာရင်းကိုင်များအဖွဲ့ချုပ် (AFA) ၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်လွှဲပြောင်းခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ လက်ရှိဥက္ကဋ္ဌ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ဥက္ကဋ္ဌ၊ ဦးဝမ်းတင်က ထိုင်းနိုင်ငံ Federation of Accounting Professions (FAP) ဥက္ကဋ္ဌ Mr. Voravit Janthanakul ထံသို့ AFA ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းအပ်နှင်းပြီး AFA ဥက္ကဋ္ဌအသစ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံများ၏ လူမှုစီးပွားဘဝမြှင့်တင်မှုကို အထောက်အကူဖြစ်စေရေးအတွက် စာရင်းလုပ်ငန်းများကို မြှင့်တင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ၁၉၇၇ ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းကိုင်များ အဖွဲ့ချုပ်ကို အမျိုးသား စာရင်းပညာရှင် အဖွဲ့အစည်း (၅) ဖွဲ့ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် အာဆီယံ (၁၀) နိုင်ငံမှ အဖွဲ့အစည်း (၁၀) ဖွဲ့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်ကစပြီး အာဆီယံဒေသတွင်း နိုင်ငံများအကြား အသိအမှတ်ပြုသဘောတူညီမှု (Mutual Recognition Agreement–MRA) တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် အာဆီယံဒေသအတွင်းရှိ အာဆီယံလက်မှတ်ရ စာရင်းပညာရှင် (ASEAN Certified Public Accountants – ACPA) ၅၆၉၇ ဦးတွင် မြန်မာနိုင်ငံမှ အာဆီယံလက်မှတ်ရစာရင်းပညာရှင် ၄၇၇ ဦး ပါဝင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်းမှ သုံးခွမြို့တွင် အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်း (UMFCCI) မှ အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီတို့ကို သုံးခွမြို့နယ် ဒေသခံပြည်သူများသို့ ယမန်နေ့က သုံးခွမြို့၊ မြို့မဈေး အနောက်ဘက်ရှင်စောပုလမ်းတွင် ရောင်းချပေးကြောင်း သိရှိရသည်။ ဈေးရောင်းချရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းစိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။ စားအုန်းဆီ ငါးဆယ်သားပါ တစ်ဘူး ၁၈၅၀ ကျပ်နှုန်းဖြင့် ဘူး၂၀၀ ငွေကျပ် ၃၇၀၀၀၀၊ ဧည့်မထဆန်(ငါးပြည်ဝင်) တစ်အိတ် ၅၀၀၀ ကျပ်ဖြင့် ၄၅ အိတ် ငွေကျပ်၂၂၅၀၀၀၊ ပေါ်ဆန်းမွှေးဆန် (ငါးပြည်ဝင်) တစ်အိတ် ၈၅၀၀ ကျပ်ဖြင့် အိတ် ၃၀ ငွေကျပ် ၂၅၅၀၀၀ စုစုပေါင်း ငွေကျပ် ၈၅၀၀၀၀ ရောင်းချရကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

✳ *ကျောဖုံးမှ*

ပထမအကြိမ်ကျင်းပသည့်ပြိုင်ပွဲတွင် ယူ–၂၃ ပြိုင်ပွဲအဖြစ် ကျင်းပခဲ့ပြီး ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကို ယူ–၂၂ အဖြစ် ပြောင်းလဲထားသောကြောင့် ၂၀၁၉ ခုနှစ်က ဒုတိယအကြိမ် ကျင်းပရာတွင် ယူ–၂၂ ပြိုင်ပွဲအဖြစ် ပြောင်းလဲခဲ့သည်။ ၂၀၀၅ ခုနှစ်က ကျင်းပသည့် ပထမအကြိမ်တွင် ထိုင်းအသင်း ဗိုလ်စွဲခဲ့ပြီး ၂၀၁၉ ခုနှစ်က ကျင်းပသည့် ဒုတိယအကြိမ်တွင် အင်ဒိုနီးရှားအသင်းက ဗိုလ်စွဲထားသည်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲကို နှစ်ကြိမ်ဆက် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိခြင်းဖြစ်ပြီး ၂၀၁၉ ပြိုင်ပွဲကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် ပထမအကြိမ်၌ တတိယဆုရခဲ့ပြီး ဒုတိယအကြိမ်တွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် အာဆီယံဘောလုံးအဖွဲ့ချုပ်သည် နှစ်စဉ်ကျင်းပနေသည့် ပြိုင်ပွဲများကို ၂၀၂၀ ခုနှစ်တွင် အားလုံးဖျက်သိမ်းခဲ့ရပြီး ယခုနှစ်တွင် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲသာ ကျင်းပရသေးကာ ဆူဇူကီးဖလားပြိုင်ပွဲကို နှစ်ကုန်ပိုင်းတွင် ကျင်းပမည်ဖြစ်သည်။ လာမည့်နှစ်တွင် ပြိုင်ပွဲများအားလုံး ပုံမှန်အတိုင်း ကျင်းပနိုင်ရန် စီစဉ်နေပြီး အာဆီယံ ယူ–၂၂ ပြိုင်ပွဲမှာ ပထမဆုံးပြုလုပ်မည့် ပြိုင်ပွဲလည်း ဖြစ်သည်။

**ရဲရင့်လွင်**

✳ *ကျောဖုံးမှ*

နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ယခုပွဲစဉ်အတွက် ဦးဆောင်ဂိုးကို ပီအက်စ်ဂျီအသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် မိနစ် ၅၀ တွင် အမ်ဘတ်ပီက သွင်းယူပေးနိုင်ခဲ့သည်။ မန်စီးတီးအသင်းသည် ဦးဆောင်ဂိုးခွင့်ပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၆၃ မိနစ်တွင် လူစားဝင်ကစားသမား ဂျီးဆပ်၏ ဖန်တီးမှုမှ စတားလင်းက သွင်းယူပေးနိုင်ခဲ့သည်။ ချေပဂိုးရရှိပြီးနောက် မန်စီးတီးအသင်းကသာ ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့ပြီး ပွဲချိန် ၇၇ မိနစ်တွင် အသင်းအတွက် ဒုတိယဂိုး သွင်းယူပေးခဲ့သည်။ ထို့နောက် တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် မန်စီးတီးအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် ပီအက်စ်ဂျီအသင်းကို အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အခြားသော ချန်ပီယံလိဂ်အုပ်စုပွဲစဉ်ရလဒ်များတွင် အိုင်းယက်စ်ကဘက်ဆီးတပ်ကို နှစ်ဂိုး–တစ်ဂိုး၊ အင်တာမီလန်က ရှက်တာဒိုးနက်ကို နှစ်ဂိုး–ဂိုးမရှိ၊ လိုက်ပ်ဇစ်က ကလပ်ဘရုဂ်ကို ငါးဂိုး–ဂိုးမရှိ၊ အေစီမီလန်က အက်သလက်တီကို မက်ဒရစ်အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ လီဗာပူးက ပေါ်တိုကို နှစ်ဂိုး–ဂိုးမရှိ၊ လစ္စဘွန်းက ဒေါ့မွန်ကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သလို ရီးရဲ မက်ဒရစ်အသင်းကလည်း ရှီးရစ်ဖ်ကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ချန်ပီယံလိဂ်အုပ်စု ပွဲစဉ် (၅) အပြီးတွင် ၁၆ သင်းအဆင့်သို့ တက်ရောက်ထားနိုင်သည့် အသင်း (၁၁) သင်း ပေါ်ထွက်လာခဲ့ပြီဖြစ်ရာ အဆိုပါအသင်းများတွင် အိုင်းယက်စ်၊ ဘိုင်ယန်မြူးနစ်၊ ချယ်ဆီး၊ အင်တာမီလန်၊ ဂျူဗင်တပ်စ်၊ လီဗာပူး၊ မန် စီးတီး၊ မန်ယူ၊ ပီအက်စ်ဂျီ၊ ရီးရဲမက်ဒရစ်နှင့် လစ္စဘွန်းအသင်းတို့ ပါဝင်သည်။ **အောင်ဇော်**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် နိုဝင်ဘာ ၂၅**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တောင်ကြီးမြို့၌ ငွေကျပ် ၂ ဒသမ ၂၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ




အောင်ကျော်မင်း(ခ)အန်းဖြူးနှင့် စိုင်းဦးမောင်(ခ)စိုင်းမောင် တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် ငွေကျပ် ၂ ဒသမ ၂၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက် ညနေ ၄ နာရီတွင် တောင်ကြီးမြို့ လမ်းမတော်ရပ်ကွက် ဘုရင့်နောင်လမ်းတွင် အောင်ကျော်မင်း(ခ)အန်းဖြူး(၃၃ နှစ်) မောင်းနှင်ပြီး စိုင်းဦးမောင်(ခ)စိုင်းမောင်(၁၉ နှစ်) လိုက်ပါလာသော FUSO အမျိုးအစား ခြောက်ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုးငွေ ကျပ် ၂ ဒသမ ၂၁ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၁၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား လေးသိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပုဗ္ဗသီရိ၊ မိုးညှင်းနှင့် မိုးကုတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၄ ရက် နံနက် ၈ နာရီတွင် ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက် ရွှေပြည်စိုးလမ်းနေ ဇင်ကိုကို(ခ) သားငယ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ လပြည့်အားတွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၀ နာရီတွင် ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက် ပုန်းညက်လမ်းနေ သက်ဝေထွန်း(ခ)တရုတ်ကြီး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဆေးခြောက် နှစ်ကီလို၊ ဘိန်းဖြူ ၀ ဒသမ ၀၆ ကီလို၊ အိုက်စ် ၀ ဒသမ ၇ ကီလိုနှင့် စိတ်ကြွရူးသွပ်



ဇင်ကိုကို(ခ)သားငယ်၊ လပြည့်၊ သက်ဝေထွန်း(ခ)တရုတ်ကြီး တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဆေးပြား ၇၇၂၀ ကိုလည်းကောင်း။ ယင်းနေ့ ညနေ ၄ နာရီ ၁၀ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့ အရှေ့စုရပ်ကွက် ပုဂံလမ်းတွင် မခင်ချိုဦး (ခ) မချို မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၀၀ ကိုလည်းကောင်း။

ယင်းနေ့ ညနေ ၃ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် ဆက်အင်းပြန့်ကျေးရွာအုပ်စု ဆက်အင်းပြန့်ကျေးရွာ လမ်းဆုံတွင် အားဆာ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရဲပြန်ကြား

# အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ချမှတ်

**နေပြည်တော် နိုဝင်ဘာ ၂၅**

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်မွန်ကျေးရွာနေ မမိမော် (၃၀) နှစ် က ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် မန်ထန်ကျေးရွာနေ မ xxx ၊ (၂၁) နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နေ မ xxx (၂၂)နှစ်တို့ကို တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားယူပါက ငွေအမြောက်အမြားရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်အမျိုးသားထံ ပို့ဆောင်ရောင်းစားခဲ့သဖြင့် လွယ်ဂျယ်နယ်မြေရဲစခန်း(ပ) ၃၀/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ဗန်းမော်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ နိုဝင်ဘာ ၂၃ ရက်တွင် တရားခံ မမိမော်အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန်နှင့် အမှုမှ သက်သေခံ ပစ္စည်း တရုတ်ယွမ် ၆၆၃၀ ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ချမှတ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အကြမ်းဖက်သမားများက ၎င်းတို့နှင့် ခံယူချက်ချင်းမတူတော့ဘဲ အကြမ်းဖက်အဖွဲ့များနှင့် လမ်းခွဲခဲ့သည့် မြို့နယ်အချို့ရှိ NLD ပါတီဝင်များနှင့် ငွေကြေးထောက်ပံ့ပေးနေသူများအား လုပ်ကြံသတ်ဖြတ်

**နေပြည်တော် နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အကြမ်းဖက်သမားများက ၎င်းတို့နှင့် ခံယူချက်ချင်းမတူတော့ဘဲ အကြမ်းဖက်အဖွဲ့များနှင့် လမ်းခွဲခဲ့သည့် မြို့နယ်အချို့ရှိ NLD ပါတီဝင်များနှင့် ငွေကြေးထောက်ပံ့ပေးနေသူများအား နိုဝင်ဘာ ၂၃ ရက်က လုပ်ကြံသတ်ဖြတ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၃ ရက် နံနက် ၇ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် သာယာအေးကျေးရွာနေ NLD ပါတီဝန်းရံသူဖြစ်သော ဦးမြင့်ဝင်း (၅၈ နှစ်) (ဘ)ဦးသာအေးသည် မိသားစုနှင့်အတူ ၎င်း၏နေအိမ်၌ရှိနေစဉ် အင်ဘုတ်ကျေးရွာနေ ထွန်းတောက်ဇေယျ (၂၂ နှစ်) (ဘ) ဦးလှညိုနှင့် မျိုးဦး (၃၆ နှစ်) (ဘ)ဦးမင်းဝေတို့ ဦးဆောင်သည့် PDF လက်နက်ကိုင်အကြမ်းဖက်သမား (စိစစ်ဆဲ) တို့က နေအိမ်အတွင်းဝင်ရောက်ကာ တူမီးသေနတ်များဖြင့် ပစ်ခတ်ကာ ဓားများဖြင့် ဝိုင်းဝန်းထိုးခုတ်ခဲ့မှုကြောင့် ဦးမြင့်ဝင်းနှင့် ဇနီးဖြစ်သူ ဒေါ်နန်းအေး (၅၇ နှစ်) (ဘ)ဦးတင်အောင်၊ သမီးများဖြစ်ကြသော မယဉ်နွယ်ခိုင် (၃၄ နှစ်)(ကိုယ်ဝန်ဆောင်)၊ မလဲ့လဲ့ခိုင် (၂၆ နှစ်)နှင့် မခင်ထားနွယ် (၂၅ နှစ်)တို့ ငါးဦးမှာ တူမီးကျည်ထိမှန်ဒဏ်ရာများ၊ ထိုးသွင်း၊ ပြတ်ရဒဏ်ရာများဖြင့် နေအိမ်အတွင်း သေဆုံးခဲ့ကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၂၃ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ခင်ဦးမြို့နယ် ရှားလွင်ကျေးရွာနေ NLD ပါတီဝန်းရံသူ ဦးကျော်ထိန်လင်း (၄၀နှစ်) (ဘ) ဦးဝယ်သည် နေအိမ်၌ရှိနေစဉ် PDF အကြမ်းဖက်သမား ၂၅ ဦးခန့် ၎င်း၏နေအိမ်သို့ ရောက်ရှိလာကာ တူမီးသေနတ်များဖြင့် ပစ်ခတ်ပြီး ဓားဖြင့် ဝိုင်းဝန်းထိုးခုတ်ခဲ့သဖြင့် ၎င်း၏နေအိမ်ပေါ်၌ ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးခဲ့ကြောင်း သိရသည်။

ထို့အတူ နိုဝင်ဘာ ၂၃ ရက် ညနေ ၆ နာရီခွဲတွင် ခင်ဦးမြို့နယ် အုန်းပင်ကုန်းကျေးရွာနေ NLD ပါတီဝင် ဦးချစ်ဦး (၄၀နှစ်) (ဘ)ဦးကျော်မြိုင်အား ကျေးရွာ၏ မြောက်ဘက် တစ်မိုင်ခန့်အကွာရှိ တောအတွင်း၌ PDF အကြမ်းဖက်သမားများက သတ်ဖြတ်ကာ အလောင်းအား မီးရှို့ခဲ့ကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၂၃ ရက် ည ၈ နာရီတွင် ခင်ဦးမြို့နယ် ငါးတင်းကြီးကျေးရွာနေ NLDပါတီဝင် ဖော်မင်းထွန်း (ခ)ဂြိုလ်ကောင် (၂၇ နှစ်) (ဘ) ဦးဆန်းမောင်အား PDF အကြမ်းဖက်သမားများက ၎င်း၏နေအိမ်၌ သတ်ဖြတ်ခဲ့သဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ သေဆုံးခဲ့သူများသည် NLD ပါတီဝင်များ၊ ဝန်းရံထောက်ခံသူများ ဖြစ်သည့်အပြင် PDF အကြမ်းဖက်အဖွဲ့ဝင်များ၊ အဆိုပါ အကြမ်းဖက်သမားများအား ငွေကြေးထောက်ပံ့ပေးနေသူများဖြစ်ကြပြီး ၎င်းတို့အချင်းချင်း ငွေကြေးမထောက်ပံ့တော့သည့်ကိစ္စများ၊ နိုင်ငံရေးခံယူချက်များကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သဖြင့် PDF အကြမ်းဖက်အဖွဲ့ များနှင့်လမ်းခွဲကာ ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်လာရောက်နေထိုင်သည့်အချိန်၌ PDF အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ လက်လုပ်မိုင်း စမ်းသပ်ပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၃၈ ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ အိမ်အမှတ် (၂၂) ၌ လက်လုပ်မိုင်းစမ်းသပ်ပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၃၈ ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ အိမ်အမှတ် (၂၂) ၌ ယနေ့ နံနက် ၉ နာရီခန့်တွင် မိုင်းပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ နေအိမ်အပေါ်ထပ်၌ ဂျွန်ဇန်ဗန်ဗျက်လာ(ဘ)ဦးငွန်ဇလျန်၊ အသက် (၁၇ နှစ်)၊ ကျော်သီဟ (ဘ) ဦးသူရကျော်ခေါင်၊ အသက် (၁၇ နှစ်)နှင့် အောင်ခန့်ပိုင်(ဘ) ဦးရဲအောင်၊ အသက်(၁၇ နှစ်)တို့တွင် ပြင်းထန်မိုင်းစထိမှန်ဒဏ်ရာများဖြင့် တွေ့ရှိခဲ့သဖြင့် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေခဲ့သော်လည်း ကျော်သီဟသည် ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်အား စိစစ်ခဲ့ရာ ၎င်းတို့သုံးဦးသည် ဂျွန်ဇန်ဗန်ဗျက်လာ၏ နေအိမ်၌ လက်လုပ်မိုင်း စမ်းသပ်မှုများပြုလုပ်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရှိရပြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၇) ရပ်ကွက် သုခလမ်း အိမ်အမှတ် (၄၇) ရှိ ကျော်သီဟ၏ နေအိမ်အား သွားရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ၁၂ ဗို့ကျည် ၂၆ တောင့်၊ ဖိုက်ဘာဦးထုပ်ခြောက်လုံး၊ လက်ရိုက်တုတ်တစ်ချောင်းနှင့် အကြမ်းဖက်မှုပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိသူများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး သေဆုံးမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ သေမှုသေခင်းဖွင့်လှစ်၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ထန်တလန်မြို့ အမှတ်(၂)ရပ်ကွက်ရှိ နေအိမ်များနှင့် ဘာသာရေး အဆောက်အဦများအား PDF အကြမ်းဖက်အဖွဲ့များက ထပ်မံမီးရှို့ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၅**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် အချို့ဒေသများတွင် လက်နက်ကိုင်တိုက်ခိုက်မှုများ၊ လမ်း၊ တံတားဖောက်ခွဲဖျက်ဆီးမှုများအပြင် အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုကဲ့သို့ လုပ်ဆောင်လျက်ရှိရာ ချင်းပြည်နယ် ထန်တလန်မြို့ အမှတ်(၂)ရပ်ကွက်ရှိ လူနေအိမ်အချို့အား နိုဝင်ဘာ ၂၄ ရက်တွင် အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးမှုများလုပ်ဆောင်ခဲ့သည်။ ထိုသို့အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် အဆိုပါ ရပ်ကွက်ရှိ သွပ်မိုး၊ ပျဉ်ကာ လူနေအိမ်အလုံး ၃၀၊ ခြောက်ခန်းတွဲ ဈေးဆိုင်ခန်းတစ်ခန်းနှင့် ဘုရားရှိခိုးကျောင်း တစ်ကျောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၇၀၀ ကျော်ခန့်) ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**၇၀ ခန့် မီးလောင်ပျက်စီးဆုံးရှုံး**

အလားတူ အကြမ်းသမားများအနေဖြင့် အောက်တိုဘာ ၂၉ ရက်တွင် အမှတ်(၁)ရပ်ကွက် ဘောလုံးကွင်းအနီးရှိ နေအိမ်များနှင့် အချို့မီးလောင်လွယ်သည့် ပစ္စည်းများကို စုပုံမီးရှို့ဖျက်ဆီးခဲ့သဖြင့် အဆိုပါရပ်ကွက်အတွင်းရှိ ဘုရားရှိခိုးကျောင်းနှစ်ကျောင်းနှင့် လူနေအိမ် ၇၀ ခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်အဖွဲ့ဖြစ်သည့် NUG၊ CRPH၊ PDF စသည့် အကြမ်းဖက်အဖွဲ့အစည်းများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့ဒေသများတွင် အကြမ်းဖက်မှုလုပ်ရပ်များကို မကြာခဏ လုပ်ဆောင်၍ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိကြောင်း ဝါဒဖြန့်ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရရှိစေရေးနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၊ ကျိုင်းတုံကုန်သွယ်ရေးစခန်းနှင့် မြဝတီကုန်သွယ်ရေးဇုန်တို့မှ ကုမ္ပဏီလေးခု၊ ယာဉ်စီးရေ ခြောက်စီးတို့ဖြင့် တင်သွင်းရာ၌ အောက်ဆီဂျင်



အရည် Bowser ယာဉ်တစ်စီးဖြင့် တန် ၂၀ နှင့် နှာခေါင်းစည်း(Mask) ၃၄ တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် (Bowser) ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# Ocean and Earth Science ပညာရပ်ဆိုင်ရာ သုတေသနပူးပေါင်းဆောင်ရွက်ရေးညီလာခံ ပြည်တွင်း ပြည်ပ စာတမ်းပေါင်း ၁၅၆ စောင် ဖတ်ကြား

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာနိုင်ငံရှိ တက္ကသိုလ်များ၊ တရုတ်နိုင်ငံရှိ Guangzhou Marine Geological Survey , China Geological Survey, Ministry of Natural Resources ,the People's Republic of China၊ ဖိလစ်ပိုင်နိုင်ငံမှ the Marine Science Institute University of the Philippines Diliman နှင့် ဗီယက်နမ်နိုင်ငံမှ Institute of Marine Environment and Resources, Vietnam Academy of Science and Technology တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံရှိ ဒဂုံတက္ကသိုလ်မှ အိမ်ရှင်အဖြစ် ဦးစီးကျင်းပသည့် "The 4th International Conference on Substantial Scientific Collaboration of Ocean and Earth Science between Myanmar and China (SSCOE – 2021) Ocean and Earth Science ပညာရပ်ဆိုင်ရာ သုတေသနပူးပေါင်းဆောင်ရွက်ရေး ညီလာခံဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် Guangzhou Marine Geological Survey , China Geological Survey, Ministry of Natural Resources, the People's Republic of China မှ Deputy Chief Geoscientist Dr.Gaowen He တို့က အွန်လိုင်းမှ Video Message ဖြင့် ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းက အမှာစကားပြောကြားပြီး ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က ကျေးဇူးတင်စကားပြောကြားကာ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ ဒေါက်တာစုန်ဟန်က ဘူမိဗေဒဆိုင်ရာ သိမှတ်စရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ အဆင့်မြင့်ပညာဦးစီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။



အဆိုပါ Ocean and Earth Science ပညာရပ်ဆိုင်ရာ သုတေသန ပူးပေါင်းဆောင်ရွက်ရေးညီလာခံကို နိုဝင်ဘာ ၂၆ရက်အထိ Online – Offline (Hybrid) ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ဘူမိဗေဒဘာသာရပ်နှင့် ဆက်စပ်ဘာသာရပ်များမှ ပြည်တွင်း ပြည်ပ စာတမ်းရှင်များက စာတမ်းပေါင်း ၁၅၆ စောင် ဖတ်ကြားကြမည်ဖြစ်ကြောင်း သုတေသနညီလာခံ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ စိုးမိုးလွင်က ပြောကြားသည်။

**သတင်းစဉ်**

# တပ်မတော်(ရေ) ဌာနချုပ်၊ တပ်၊ စခန်း၊ ရေယာဉ်စုများ၏ ဒီရေတောပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ရာသီဥတုဖောက်ပြန်ခြင်း၊ ရေခဲပြင်များ အရည်ပျော်ပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းကြောင့် အိန္ဒိယသမုဒ္ဒရာဒေသအတွင်း ကမ်းရိုးတန်းဇရိယာများတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးလာပြီး ရေလွှမ်းမိုးမှုများနှင့် ဒီရေတောပြုန်းတီးမှုများ ဖြစ်ပေါ်လျက်ရှိသည်။



ဒီရေတောများသည် ကုန်းမြေနှင့် ပင်လယ်ကြားတွင် အကာအကွယ်ဖြစ်ပြီး စီးပွားရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကိုအထောက်အကူပြုသည့်အပြင် ရှားပါးမျိုးစိတ်အချို့အတွက်လည်း ခိုလှုံရာ နေရာဖြစ်သည်။ ယနေ့အချိန်တွင် ဒီရေတောများ ပြုန်းတီးပျက်စီးမှုများကြောင့် ကမ်းခြေရေတိုက်စားမှုများ၊ မကြာခဏ ရေလွှမ်းမိုးမှုများနှင့် ရေသယံဇာတပျက်စီးမှုများ စသည့် သဘာဝဘေးအန္တရာယ်များ ပိုမိုကြုံတွေ့လာရသည်။

ထိုကဲ့သို့ သဘာဝဘေးအန္တရာယ် ကျရောက်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်၊ ကမ်းရိုးတန်း သဘာဝသယံဇာတ ထိန်းသိမ်းရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်၍ ရေတပ်စခန်းဌာနချုပ်များနှင့် ရေယာဉ်စုများအလိုက် ဒီရေတောပင် စိုက်ပျိုးပွဲ အခမ်းအနားကို သက်ဆိုင်ရာ ဌာနချုပ်များနှင့် ရေယာဉ်စုများတွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားများတွင် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် ဒီရေတောပျိုးပင်များကို စိုက်ပျိုးခဲ့ကြပြီး ၂၀၂၁ ခုနှစ်အတွင်း ဒီရေတောပင် စုစုပေါင်း ၁၃၀၉၀ အား စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် နိုဝင်ဘာ ၂၅ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကိုဗစ်–၁၉ Vaccine ၁၅၃၅၀ ၊ Bruhep 25000 Injection ၇၂၀၀ ၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၈၂ မျိုး၊ စုစုပေါင်း (၁၅၈၅၇၉ ဒသမ ၇၉၇ Kg)၊ နယ်စပ်(ချင်းရွှေဟော်၊ ကျိုင်းတုံ) တွင် ကုမ္ပဏီရှစ်ခုတို့မှ Mask (၅၃၅၀၉) Kg၊ Sodium Chloride Injection ၃၄၂၆၀၊ Paracetamol Tablet ၉၅၂၀၀၊ Cimetidine Injection ၅၈၀၀ ၊ Furo Injection ၂၂၂၀၀ ၊ Ibmol Tablet ၁၇၂၀ ၊ Fish Liver Oil ၁၁၇၆၀ ၊ Calcium Glucose Injection ၇၀၀၈ ၊ Vitamin C Injection ၆၈၆၄၀၊ Vitamin C Tablet ၉၄၀၀၊ Mico(cream) ၁၉၈၀၀ ၊ 9–Vicom Tablet ၁၄၉၀၀၊ Dexamethasone Sodium Phosphate Injection ၂၉၈၀၀၀ ၊ B Plex Injection ၂၀၀၀၀ ၊ Genta Injection ၃၉၈၄၀ ၊ Liquid Oxygen (၁၅၃၃၁)$m^3$ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဝက်လက်မြို့နယ်အတွင်းမှ အခြေခံပညာကျောင်းများသို့ ကွင်းဆင်းစစ်ဆေး

**ဝက်လက် နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယမန်နေ့က ဝက်လက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ကွင်းဆင်းကြည့်ရှုသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် အဖွဲ့ဝင်များက ဝက်လက်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁) အခြေခံ ပညာအလယ်တန်းခွဲ၊ အမှတ် (၂) အခြေခံပညာအလယ်တန်းခွဲ၊ အမှတ်(၃) အခြေခံပညာအလယ်တန်းခွဲနှင့်မကျီးတုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းများရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံကာ မိမိအနီးဝန်းကျင်ရှိ ကျောင်းသား ကျောင်းသူများကို နိုဝင်ဘာ ၃၀ ရက်အထိ ကျောင်းအပ်၍ ကျောင်းတက်နိုင်ကြောင်း ဆွေးနွေးပြောကြားပေးကြရန်၊ ကျောင်းတက်ရောက်နေကြသော ကျောင်းသား ကျောင်းသူများအတွက် ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများလိုအပ်မှုမရှိစေရေး စီမံဆောင်ရွက်သွားကြရန်နှင့် အခက်အခဲရှိပါ က အချိန်နှင့်တစ်ပြေးညီ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်သွယ်ဆောင်ရွက်သွားနိုင်ရေး မှာကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့"

"Orange the world: End violence against women now!"

၂၅–၁၁–၂၀၂၁ နေပြည်တော်

# တစ်ရံတစ်ခါဆီက နုဝမ်ခေါင်

မြင့်မောင်စိုး



နုဝမ်ခေါင်မှ မထွက်ခွာမီ ဆရာ ဆရာမလေးများ ခရီးဆက်ရန် အထုပ်ကိုယ်စီ ပြင်ဆင်နေကြစဉ်။

❊ အချို့ဆရာ ဆရာမများသည် ခေါင်လန်ဖူးဒေသတွင် နှစ်များစွာ တာဝန်ကျနေ၍ နုဝမ်ခေါင်သည် မကြာခဏ ဝင်ထွက်သွားလာရာနေရာဖြစ်သည်။သို့အတွက်ကြောင့်လည်း ဗိုလ်တဲစောင့်ကြီးနှင့် ဆရာ ဆရာမများသည် မိသားစုသဖွယ် ရင်းနှီးနေကြသည်။ တာဝန်ထမ်းဆောင်ရန် အသစ်စက်စက် ရောက်ရှိလာသော ဆရာမလေးများအဖို့တော့ နုဝမ်ခေါင်သည် ငိုပွဲဆင်ရာနေရာဖြစ်သည်။ ပေပေါင်း ၇၀၀၀ မြင့်သည့် ဆန်းလွှတ်ချက်တောင်ကြားကိုဖြတ်ကျော်ရ၍ အလွန်ပင်ပန်းလွန်းသည်က တစ်ကြောင်း၊အိမ်နှင့်မိဘများကို ခွဲခွာရ၍ ဝမ်းနည်းသည်က တစ်ကြောင်း ဆရာမလေးများ မျက်ရည်မဆည်နိုင်ဖြစ်ကြရသည်။ နုဝမ်ခေါင်မှာ ငိုကြသည်

**နုဝမ်ခေါင်...**

ကျွန်တော်ရောက်ခဲ့ဖူးသည့် နုဝမ်ခေါင်။ မြန်မာပြည် မြောက်ဖျား၊ ကချင်ပြည်နယ် ပူတာအိုဒေသမှာရှိသည်။ အလွန်ဝေးလံခေါင်သီသော ဒေသဖြစ်သည်။ ရေခဲပြင်များဖုံးလွှမ်းရာ ပူတာအိုဒေသ မဝ္ဂေဇ – ခေါင်လန်ဖူးသွားရာလမ်းတွင် ရှိသည်။ ခြေကျင်ခရီးသွားများ တစ်ထောက်နားခိုရာစခန်းဖြစ်သည်။ စိမ့်စမ်းရေတံခွန် လျှိုမြောင်တောကြားလှပခမ်းနားသော တောမြိုင်ဘုံနန်းဖြစ်သည်။ သို့သော် ကျွန်တော်သွားရောက်ခဲ့စဉ်က နုဝမ်ခေါင်သည် ဆိုင်ကယ်မရောက်၊ကားမပေါက်၊ ခြေကျင်လမ်းလျှောက်မှသာ ရောက်နိုင်သည်။ ခြေဖဝါးနုနုသွေးခြေဥအောင်သွားခဲ့ရသော တောလမ်းခရီးကြမ်းဖြစ်သည်။

ခေါင်လန်ဖူးသို့သွားရောက်စဉ် နုဝမ်ခေါင်သို့ရောက်ခဲ့သည်မှာ ၂၀၁၉ ခုနှစ်ဇွန်လကဆိုလျှင် ဘာလိုလိုနှင့် နှစ်နှစ်တောင်ကျော်ခဲ့ပြီ။ ထိုစဉ်က ပညာရေးဝန်ကြီးဌာနမှ ဦးဂျေရဲဆာ၊ မြန်မာ့အသံ ရိုက်ကူးရေးအဖွဲ့နှင့်အတူ ပညာရေးဝန်ထမ်းများ၏ ဝေးလံခေါင်ဖျားဒေသများတွင် ခက်ခက်ခဲခဲ တာဝန်ထမ်းဆောင်နေရသော ပညာရေးဝန်ထမ်းများ၏ဘဝကို ရေးသားရိုက်ကူးရန် သွားရောက်ခဲ့ခြင်းဖြစ်သည်။

အချိန်ကာလ ရွေ့လျားတိုက်စားကုန်လွန်ခဲ့ပြီဖြစ်သော်လည်း နုဝမ်ခေါင်မှ ဗိုလ်တဲစောင့် အဘိုးဟဲခီအား သတိတရရှိနေဆဲဖြစ်သည်။ သူသည်ဘဝပေးအခြေအနေအရ ဗိုလ်တဲစောင့်တာဝန်ကိုထမ်းဆောင်နေရသော်လည်း သူ၏ဒေသကို ချစ်မြတ်နိုးသော စိတ်ဓာတ်၊ ကောင်းစားလိုသောစိတ်၊ ဖွံ့ဖြိုးစေလိုသောစိတ်သည်ကား ထိပ်ဆုံးမှာရှိနေသည်။

“အဘိုးက ဒီ နုဝမ်ခေါင်မှာ ဗိုလ်တဲစောင့်လုပ်လာတာ တစ်လ ၁၅ ကျပ်ကတည်းက၊ ခုဆို နှစ် ၃၀ ကျော်ပြီလေ။ ဗိုလ်တဲစောင့်အလုပ်ကို လုပ်ကိုင်ရင်း လမ်းမကောင်းရင် လမ်းပြင်ပေးတယ်။ တံတားကျိုးနေရင် သွားပြင်ပေးတယ်။ အခုလည်း မဝ္ဂေဇ–ခေါင်လန်ဖူးလမ်းဖောက်ဖို့ လွန်ခဲ့တဲ့လေးနှစ်လောက်ကတည်းက ဒေသခံတစ်ဦးအနေနဲ့ လမ်းအူကြောင်း ရှာပေးနေတာပါ။ အဘိုးတို့ဒေသက သွားရေးလာရေးခက်ခဲတော့ အစစအရာရာ နောက်ကျပါတယ်။ ဒီအတွက် လမ်းကို တကယ်ပေါက်စေချင်ပါတယ်။"

အသက် ၈၀ ကျော်အရွယ်ရှိနေပြီဖြစ်သော အဘိုး ဟဲခီက ပြောပြခြင်းဖြစ်သည်။ သူသည် အသက်အရွယ်အရ ကြီးရင့်နေပြီဖြစ်သော်လည်း သန်မာနေဆဲ၊ ကျန်းမာနေဆဲ၊ သွားနိုင်လာနိုင် လှုပ်ရှားသွားလာနိုင်ဆဲပင်ဖြစ်သည်ကို တွေ့ရသည်။ အဘိုးဟဲခီမှာ ခေါင်လန်ဖူးသို့ ကားလမ်းပေါက်ရေးအတွက် အလွန်စိတ်အားထက်သန်နိုးကြား တက်ကြွနေသူတစ်ဦးဖြစ်သည်။ ထို့အတွက်ကြောင့်လည်း မဝ္ဂေဇ–ခေါင်လန်ဖူးလမ်းဖောက်လုပ်ရေးအတွက် ငွေကျပ် ၁၅ သိန်း ပေးလှူခဲ့ကြောင်း သိရသည်။ ထိုငွေကြေးပမာဏသည် တောနေလူတန်းစားများအတွက် များပြားလှသောအရေအတွက်ဖြစ်သည်။ အဘိုး ဟဲခီ၏ စိတ်စေတနာ သဒ္ဓါတရားနှင့် ဒေသချစ်စိတ်၊ မျိုးချစ်စိတ်ကို ထင်ဟပ်ပေါ်လွင်စေ၏။ သူ့ဒေသကို ဖွံ့ဖြိုးစေလို၏။ တိုးတက်စေလို၏။ ကောင်းစားစေလို၏။ ပညာရေး၊ ကျန်းမာရေးလက်လှမ်းမီလို၏။ အဘိုး၏ စိတ်နေစိတ်ထားသည် အလွန်လေးစားဖွယ်ကောင်း၏။



နုဝမ်ခေါင် ဗိုလ်တဲနှင့် အသက် ၈၀ ကျော် ဗိုလ်တဲစောင့် အဘိုး ဟဲခီကို တွေ့ရစဉ်။

နုဝမ်ခေါင် ဗိုလ်တဲစခန်းတွင် အဆောက်အအုံ နှစ်လုံးရှိသည်။ ခရီးသွားများနားနေတည်းခိုရန် ဗိုလ်တဲအဆောက်အအုံသည် တောင်ကုန်းထိပ် အမြင့်တစ်နေရာတွင်ရှိသည်။ နောက်တစ်လုံးမှာ ဗိုလ်တဲစောင့်ကြီးတို့မိသားစု နေထိုင်သော နေအိမ်ဖြစ်သည်။ အိမ်ကို ကုန်စုံဆိုင်လေးနှင့် တွဲထားသည်။ ထိုကုန်စုံဆိုင်လေးတွင် ခရီးသွားများ အလွယ်တကူ ဝယ်ယူစားသုံးနိုင်သော အချိုရည်အမျိုးမျိုး၊ မုန့်ခြောက်အမျိုးမျိုး ရောင်းချပေးသည်။

ခရီးသွားလာကြသော ခရီးသွားအများစုသည် ကျောင်းဆရာ ဆရာမများဖြစ်ကြသည်။ ကျောင်းဆရာများက ဗိုလ်တဲပေါ်တွင် နားခိုအိပ်စက်ကြသည်။ ဆရာမများမှာ ဗိုလ်တဲစောင့်ကြီး၏ နေအိမ်ဧည့်ခန်းတွင် အိပ်ကြသည်။ ထိုဧည့်ခန်းအလယ်တွင် မီးဖိုကြီးတစ်ဖိုရှိသည်။ ထိုမီးဖိုကြီးတွင် ချက်ပြုတ်စားသောက်ရင်း အိပ်စက်အနားယူကြသည်။ နံနက်မိုးလင်း၍ ချက်ပြုတ်စားသောက်ပြီးလျှင် ပိုလျှံသောငါးသေတ္တာ၊ ခေါက်ဆွဲခြောက်တို့ကို အလေးခံ၍ သယ်မသွားတော့ဘဲ ဗိုလ်တဲစောင့်ကြီးနှင့် မိသားစုကိုပေးခဲ့ကြသည်။

အချို့ဆရာ ဆရာမများသည် ခေါင်လန်ဖူးဒေသတွင် နှစ်များစွာတာဝန်ကျနေ၍ နုဝမ်ခေါင်က မကြာခဏ ဝင်ထွက်သွားလာရာနေရာဖြစ်သည်။ သို့အတွက်ကြောင့်လည်း ဗိုလ်တဲစောင့်ကြီးနှင့် ဆရာဆရာမများသည် မိသားစုသဖွယ် ရင်းနှီးနေကြသည်။ တာဝန်ထမ်းဆောင်ရန် အသစ်စက်စက် ရောက်ရှိလာသော ဆရာမလေးများအဖို့တော့ နုဝမ်ခေါင်သည် ငိုပွဲဆင်ရာ နေရာဖြစ်သည်။ ပေပေါင်း ၇၀၀၀ မြင့်သည့် ဆန်းလွှတ်ချက်တောင်ကြားကိုဖြတ်ကျော်ရ၍ အလွန်ပင်ပန်းလွန်းသည်ကတစ်ကြောင်း၊အိမ်နှင့်မိဘများကို ခွဲခွာရ၍ ဝမ်းနည်းသည်ကတစ်ကြောင်း ဆရာမလေးများ မျက်ရည် မဆည်နိုင်ဖြစ်ကြရသည်။ နုဝမ်ခေါင်မှာ ငိုကြသည်။

ခေါင်လန်ဖူးဒေသသည် တောင်တန်းများ ထူထပ်ရာဒေသဖြစ်သည့်အလျောက် သွားလာရေး ခက်ခဲသည်။ တစ်နေရာမှတစ်နေရာသို့ ခြေကျင်ခရီးဖြင့်သာ သွားကြရသည်။ ခေါင်လန်ဖူးကို ဗဟိုပြု၍ မြို့နယ်အတွင်းရှိ ကျေးရွာကျောင်းများမှ ဆရာ ဆရာမများသည် ခေါင်လန်ဖူးသို့ ရုံးကိစ္စ၊ ကျောင်းကိစ္စနှင့် လစာထုတ် လာရောက်ကြရသည့်အခါ ခြေကျင်ခရီးဖြင့်သာ မိုင်ပေါင်းများစွာ တစ်တောဝင် တစ်တောင်တက် သွားလာကြရသည်။ တစ်ညအိပ်၊ နှစ်ညအိပ် သွားလာရသည်များလည်း ရှိသည်။ လမ်းခရီးတွင် နားခိုစရာနေရာသည် ဗိုလ်တဲများဖြစ်သည်။ ခေါင်လန်ဖူးတစ်ခွင်တွင် နုဝမ်ခေါင်ကဲ့သို့ ဗိုလ်တဲစခန်းများစွာရှိသည်။ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများ ဝင်ထွက်နားခိုရာ စခန်းများဖြစ်သည်။ ကျေးရွာကျောင်းများမှ ခေါင်လန်ဖူးသို့ အကြောင်းကိစ္စတစ်ခုနှင့် သွားမည်ဆိုလျှင် လမ်းတွင်ချက်ပြုတ်စားသောက်ရန် ဆန်ထုပ်လေးများ အပြန်ခရီးအတွက် ဗိုလ်တဲစခန်းများ၌ ချိတ်ဆွဲထားခဲ့ကြရသည်။ မိမိချိတ်ဆွဲထားခဲ့သော ဆန်ထုပ်ငယ်ကို အခြားခရီးသွားတစ်ဦးတစ်ယောက်က ဖြုတ်ယူသွားခြင်းမရှိ။ စည်းကမ်းရှိကြသည်ဟု ဆိုသည်။ တောင်တန်းဒေသနေ ခရီးသွားတို့၏ ရိုးသားမှုဖြစ်သည်။ လေးစားဖွယ်ကောင်းသော စိတ်ဓာတ်ဖြစ်သည်။

ယခုအခါ ခေါင်လန်ဖူးဒေသ၏ ခက်ထန်ကြမ်းတမ်းလှသည့် လမ်းပန်းဆက်သွယ်ရေး တစ်စိတ်တစ်ဒေသဖြစ်သော မဝ္ဂေဇ–ခေါင်လန်ဖူးလမ်းသည် တစ်ကြောင်းထိုး ကားလမ်းပေါက်သွားခဲ့လေပြီ။ အကြောင်းသည်ကား နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၅ ခုနှစ်မှစတင်ပြီး မဝ္ဂေဇ – ခေါင်လန်ဖူးလမ်း စီမံကိန်းအတွက် မြေပြင်အနေအထား၊ သဘာဝရာသီဥတုအခြေအနေတို့ အပါအဝင် အခြေခံ အချက်အလက်များကို ကွင်းဆင်းသုံးသပ်ကာ နိုင်ငံတော်အစိုးရသို့တင်ပြ၍ လုပ်ငန်းခွင့်ပြုချက်နှင့် ရန်ပုံငွေလျာထားရေးဆိုင်ရာကိစ္စများကို စီမံဆောင်ရွက်ခဲ့သည်။

မဝ္ဂေဇ–ခေါင်လန်ဖူး ကားလမ်းဖောက်လုပ်နိုင်ရေးအတွက် ၂၀၁၆ ခုနှစ် ဇွန်လတွင် ခွင့်ပြုချက်ရရှိပြီးနောက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အရာရှိ/စစ်သည်များ၊ ဌာနေပြည်သူ့စစ်များ ပူးပေါင်း၍ Feasibility Survey ဆောင်ရွက်ခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ လုပ်ငန်းများ အသေးစိတ်ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ကြပြီး မဝ္ဂေဇ–ခေါင်လန်ဖူး ၆၅ မိုင် ၄ဖာလုံလမ်းကို အပိုင်းလေးပိုင်းခွဲ၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ စတင်ဖောက်လုပ်ချိန်မှ လေးနှစ်နှင့် ရှစ်လအကြာ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ခေါင်လန်ဖူးမြို့သို့ တစ်ကြောင်းထိုးကားလမ်းကို အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

ခေါင်လန်ဖူးဒေသနေပြည်သူများနှင့် နုဝမ်ခေါင်က အဘိုးဦးဟဲခီ၏ အနှစ်နှစ်အလလက မျှော်လင့်ခဲ့သော အိပ်မက်သည် အဟုတ်ဖြစ်ခဲ့လေပြီ။ ပူတာအိုမြို့မှ ခေါင်လန်ဖူးသို့ တိုက်ရိုက် ကား၊ ဆိုင်ကယ်တို့ဖြင့် သွားလာနိုင်ကြပြီဖြစ်သည်။ ဒေသနေ ဆရာ ဆရာမလေးများ အထိုက်အလျောက် သွားရေးလာရေးအဆင်ပြေလာတော့မည်။ သို့သော် တစ်ရံတစ်ခါက ခေါင်လန်ဖူးသို့ ခက်ခဲကြမ်းတမ်းစွာ ခြေကျင်ခရီးရှည်ကြီး သွားလာခဲ့ရပုံများကတော့ အမှတ်တရရှိနေပါသေး။ ။

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**


မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီအစည်းအဝေးကို နိုဝင်ဘာ ၂၄ ရက်နေ့က နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မြဝင်း(အငြိမ်းစား)က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၂၁) ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ဗဟိုကောင်စီဝင် ဗိုလ်မှူးချုပ်မြင့်ဟိန်း (အငြိမ်းစား)က ညီလာခံဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဗဟိုကောင်စီဝင်များက ၎င်းတို့၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ညီလာခံ (၂၀၂၁) သို့ တင်သွင်းကြမည့် ဗဟိုကောင်စီ အစီရင်ခံစာ အကျဉ်းချုပ်ကို ဖတ်ကြားတင်ပြခြင်း၊ အတည်ပြုခြင်း၊ ဗဟိုအမှုဆောင်အဖွဲ့ စာတမ်းအကျဉ်းချုပ်ကို ဖတ်ကြားတင်ပြခြင်း၊ အတည်ပြုခြင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (၁၀/၂၀၂၁ လမှ ၃/၂၀၂၂ လအထိ) ဘဏ္ဍာရေး လျာထားချက်ကို အတည်ပြုခြင်း၊ ရွေးချယ်မည့် လျာထားညီလာခံ ကိုယ်စားလှယ်အမည်စာရင်းကို အတည်ပြုခြင်းနှင့် ဆုံးဖြတ်ခြင်း(၇)ရပ်၊ အတည်ပြုခြင်း (၁)ရပ်၊ မှတ်တမ်းတင်ခြင်း (၈)ရပ်တို့ကို ဆောင်ရွက်ခဲ့ပြီး ဗဟိုကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်နားခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

နိုဝင်ဘာ ၂၇ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် အဘိုးလှိုင်၏ သူ၏မြေးများကို အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံအကြောင်း ရှင်းပြပုံကို သရုပ်ဖော်ထားသည့် “ အမျိုးသားအောင်ပွဲနေ့” မျက်နှာဖုံးကာတွန်း၊ အနောက်ဥရောပနိုင်ငံများတွင်သာမက အာရှတိုက်ရှိနိုင်ငံများအထိပါ နေရာယူလာသော ပီဇာအစားအစာအကြောင်းကို တင်ဆက်ထားသည့် “ကမ္ဘာအနှံ့ ခြေဆန့်တဲ့ ပီဇာ” သုတဆောင်းပါး၊ ကိုထက်၏ သရက်သီးစားနိုင်ရန် အကြံပေးမှုအပေါ် အချက်ကျကျ ပြန်လည်တုံ့ပြန်လိုက်နိုင်သော ဖြိုးရဲအကြောင်းကို သရုပ်ဖော်ထားသည့် “ ဖြိုးရဲ” နှစ်မျက်နှာကာတွန်း၊ ကျား၊ မျောက်၊ ယုန်နှင့် ညစောင့်ကြီးတို့အကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် “ဒေဝေါဆိုတာဘာကောင်လဲ” ပုံပြင်ကဏ္ဍ ၊ မိုးပျံပူဖောင်းလွှတ်နေသော အာတူးကို သရုပ်ဖော်ထားသည့် တစ်မျက်နှာ ကာတွန်း၊ သားဖြစ်သူနှစ်သက်လွန်းသဖြင့် မိဘက အကြွေးဖြင့် ဝယ်ပေးသော ဘောလုံးကန်ဖိနပ်ကိုမယူဘဲ ဆိုင်ကိုပြန်သွားသွင်းလိုက်သည့် သားလိမ္မာလေး အောင်အောင်အကြောင်းကို ရေးဖွဲ့ထားသည့် “ဖိနပ်ကလေးတစ်ရန်” ဝတ္ထုကြကဏ္ဍ အပါအဝင်ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့်ကဗျာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

သတင်းစဉ်

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## ဘူးသီးတောင်မြို့နယ်၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**ဘူးသီးတောင် နိုဝင်ဘာ ၂၅**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့၌ မြို့နယ်ယာဉ်ထိန်းတပ်ကြပ်ကြီး ဦးသန်းရွှေ ဦးဆောင်၍ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီက ဘူးသီးတောင်-မောင်တောမြို့ အဝင်ဂိတ်၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ယာဉ်ထိန်းတပ်ကြပ်ကြီး ဦးသန်းရွှေက ယာဉ်မောင်းသူများအနေဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာကြရန်၊ ဆိုင်ကယ်မောင်းနှင်သူများကလည်း ဆိုင်ကယ်ဦးထုပ်ဆောင်းပြီး မောင်းနှင်ကြရန်တို့ကို အသိပညာပေးဟောပြောခဲ့ပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များအနေဖြင့် ကျေးရွာအသီးသီးသို့ အငှားပြေးဆွဲလျက်ရှိသော ယာဉ်မောင်းသူများအား သတ်မှတ်လှိုင်းအလိုက်waist coat များနှင့် ကိုယ်ရေးအချက်အလက်ပါ လည်ဆွဲကတ်များကို နိုင်ဝင်ဘာ ၂၄ ရက်မှ စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

လှကျော် (ပြန်/ဆက်)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများတွင် အထောက်အပံ့ပေးရန်အတွက် လိုအပ်သော အထောက်အပံ့ပစ္စည်းများကို ဝယ်ယူနိုင်ရန် အိတ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ထုတ်ယူရမည့်အချိန်** - ၂၉-၁၁-၂၀၂၁ရက် နံနက် ၁၀ နာရီ
**တင်ဒါပုံစံများနောက်ဆုံးလာယူရမည့်ရက်** - ၆-၁၂-၂၀၂၁ရက် မွန်းလွဲ ၃နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၁၂-၂၀၂၁ရက်မွန်းလွဲ ၃နာရီ
**တင်ဒါပုံစံများကို ထုတ်ယူရမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဌာန မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်ရုံးခွဲ၊ အမှတ်-၄၂၊ ကမ်းနားလမ်း၊ စတုတ္ထအထပ် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ်ကို သိရှိရန် ဖုန်း-၀၁-၃၉၂၀၂၈၊ ၃၉၂၀၂၉၊ ၃၉၂၀၃၀ (လိုင်းခွဲ-၁၁၉)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

**ဖခင်အမည်မှန်**
စစ်တွေမြို့၊ အထက(ခွဲ) စက်ရုံစု တက္ကသိုလ်ဝင်တန်းမှ မညွန့်ညွန့်ဦး၏ ဖခင် ဦးကျော်လှိုင် ၁၁/ပဏတ(နိုင်)၀၄၂၄၁၁၏ အမည်မှန်မှာ ဦးဦးကျော်လှိုင် ဖြစ်ပါကြောင်း။ **ဦးဦးကျော်လှိုင်**

### ဖခင်အမည်မှန်
စစ်တွေမြို့၊ အထက(ခွဲ) စက်ရုံစု တက္ကသိုလ်ဝင်တန်းမှ မလေးလေးနိုင်၏ဖခင် ဦးသောင်းချေ၏ အမည်မှန်မှာ အိမ် ထောင်စုစာရင်းအရ ဦးသောင်းရွှေ ၁၁/ရသတ (နိုင်) ၀၈၆၄၂၄ ဖြစ်ပါကြောင်း။ **ဦးသောင်းရွှေ**

### ဖခင်အမည်မှန်
စစ်တွေမြို့၊ အထက(ခွဲ) စက်ရုံစု တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးသက်နိုင်၏ ဖခင်အမည်မှန်မှာ မောင်သိန်းဝင်း ၁၁/ရသတ(နိုင်)၀၄၇၁၉၁ ဖြစ်ပါကြောင်း။ **မောင်သိန်းဝင်း**

### ဖခင်အမည်မှန်
စစ်တွေမြို့၊ အထက(ခွဲ) စက်ရုံစု တက္ကသိုလ်ဝင်တန်းမှ မောင်မောင်သန်းစိုး၏ဖခင် ဦးရွှေမောင် ၁၁/ပတန(နိုင်) ၀၈၄၇၃၅ ၏ အမည်မှန်မှာ ဦးဦးရွှေမောင် ဖြစ်ပါကြောင်း။ **ဦးဦးရွှေမောင်**

### ဖခင်အမည်မှန်
စစ်တွေမြို့၊ အထက(ခွဲ) စက်ရုံစု တက္ကသိုလ်ဝင်တန်းမှ မောင်ရဲနိုင်လင်း၏ ဖခင် ဦးမောင်သန်း ၁၁/ရသတ(နိုင်) ၀၆၄၀၇၁၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဦးမောင်သန်းဖြစ်ပါကြောင်း။ **ဦးဦးမောင်သန်း**

## ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ တိုက်အမှတ်(၇၁)၊ အခန်း-ပထမထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၁.၅ပေ× ၄၇ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခက်ခက်တင်(၁၁/စတန(နိုင်)၀၅၈၇၂၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**ဒေါ်လင်းလင်းထက်** LL.B. အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
**Hein Htet San Law Firm** ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၄၅၅၅၀၆၁၄၆
အမှတ်(၁၅)၊ သံသုမာလမ်း၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ကြိုးကြာ(၂)လမ်း၊ မြေကွက်အမှတ် (၁၂၈၆)၊ ဧရိယာပေ (၄၀x၆၀) ပါမစ်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်း ဧရိယာပေ (၂၀x၆၀)မြေနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းသွယ် ၁၂/ဥကမ(နိုင်)၀၅၄၈၆၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (၁)ဦးဇော်မင်းဦး၊ (၂)ဒေါ်ဇင်မျိုးမျိုးသောင်းတင်တို့က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေး၊ ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၆၆၁၈/၀၇)**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ထီးလှိုင်ရှင်အိမ်ရာစီမံကိန်းရှိ (၂)ထပ်လုံးချင်း၊ တိုက်အမှတ်(၈၄-B)ကို ဒေါက်တာစိုင်းကျော်အုန်း ၁၃/နခန(နိုင်)၀၀၃၁၉၇ အမည်ဖြင့် ဝယ်ယူခဲ့ပြီး အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်ပြုကြောင်းအကြောင်းကြားစာ မိတ္တူမှန် ထုတ်ပေးပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲသို့ လျှောက်ထားလာသည့်အတွက် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း
မိုးကောင်းမြို့နယ်၊ နောင်ကိုင်တော်ရပ်ကွက်၊ အုတ်ဖိုအုပ်စု၊ အိမ်အမှတ် (၂၂၂)နေ ကျွန်မ ဒေါ်ရွှေရည်ဦး ၁/မကတ(နိုင်)၁၀၁၅၉၉နှင့် ဦးညီညီပြည့်ဘုန်းလှိုင် ၉/မတရ(နိုင်)၁၂၅၈၃၉၉တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး လွန်ခဲ့သည့် တစ်နှစ်ခန့်မှစ၍ ဦးညီညီပြည့်ဘုန်းလှိုင်သည် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ပြုမူပြီး ၎င်းသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့ရာ ယနေ့အချိန်ထိ မိသားစုထံသို့ အဆက်အသွယ်တစ်စုံတစ်ရာ ပြုလုပ်ခဲ့ခြင်းမရှိသောကြောင့် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝများသည် ကျွန်မနှင့် သက်ဆိုင်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေရည်ဦး**
**၁/မကတ(နိုင်)၁၀၁၅၉၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၁-၂၀၂၂)ဘဏ္ဍာရေးနှစ်အတွက်၊ ခုတင်(၅၀၀)အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့၏ ပြင်ပ လုံခြုံရေးငှားရမ်းခြင်းလုပ်ငန်း၊ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-
(က) လုံခြုံရေးငှားရမ်းခြင်းလုပ်ငန်း၏ တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များ သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၄-၁၁-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၁၂-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်ထားလွှာအား တစ်စောင်လျှင် တန်ဖိုး(၂၀၀၀/-)ကျပ်တိတိဖြင့် ရုံးချိန်အတွင်း ရောင်းချပါမည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့**
**မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး**

### ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း Grade (11) မှ မောင်ကျော်ချမ်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမျိုးခိုင် ၅/ရဘန(နိုင်)၂၁၈၁၅၂ ဖြစ်ကြောင်း။
**ဦးမျိုးခိုင်**

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 6P/7164 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 3J/1449 Forland, Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးရဲလင်းဇော် ၇/ပခန(နိုင်)၂၇၄၁၁၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ရွာသာကြီး)ရန်ကုန်မြို့**

## အများသိစေရန် ကြေညာချက်
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးစောဝင်းတာ (MMA-042378) အမည်ပေါက်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်၊ အမှတ် (၁၃)၊ မြေကွက်အမှတ် (၃၇၂)၊ အကျယ်အဝန်းပေ (၄၀x၆၀)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းဘက်အခြမ်း ပေ (၂၀x၆၀)ရှိပါမစ် မိတ္တူခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်များဖြင့် လက်ရောက်ရယူဝယ်ယူပိုင်ဆိုင်ထားပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်ကြည်ဝင်း ၁၀/ခဆန(နိုင်)၀၁၂၉၀၆က ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ် ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်ပိုင်စိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၉၁)**
**ရုံးခန်း-အမှတ် (၁၃၇၇)၊ အခန်း (B)၊ ဘုရင့်နောင်လမ်း၊ (၄၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၂၆၂၉၄၉၉၇၅**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
ကလောမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၆၄)နေ ဦးစိန်ဝင်း(ခ) ဦးမျိုးသိန်း ၁၃/ကလန(နိုင်)၀၂၄၇၄၂-ဒေါ်သန်းရီ ၁၃/ကလန(နိုင်)၀၀၉၉၁၂တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးစိန်ဝင်း(ခ)ဦးမျိုးသိန်းနှင့်ဒေါ်သန်းရီတို့၏ သား မောင်ဖြိုးသီဟ(ခ)ကိုဖြိုး ၁၃/ကလန(နိုင်)၀၈၅၃၄၃သည် မိဘများ၏ဆိုဆုံးမမှုများကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေလင်းထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၈၆)**
**၄၁လမ်း၊ ၆၇ x ၆၈ကြား၊ မဟာမြိုင်(၁)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၃၁၄၁၃၄၂၊ ၀၉-၇၈၂၀၄၅၈၈၀**

## ကန့်ကွက်နိုင်ပါကြောင်း
ယာဉ်အမှတ် 2J/2648, Toyota Hilux ယာဉ်လက်ဝယ်ရှိသူ ဒေါ်မူဘရစ်ဂျစ် ၁၃/ဖခန(နိုင်)၀၂၀၆၇၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(တောင်ကြီး)**

### အမည်ပြောင်း
ဦးအောင်ကျော်ချမ်း ၁၃/တယန(နိုင်)၀၂၁၉၀၅၏သမီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ အထက (မိုင်းယန်း) သတ္တမတန်းမှ မဝန်ရင်ရင်အား မရင်ရင်ဟု ပြောင်းလဲခေါ်ပါရန်။

### အမည်ပြောင်း
ဦးအောင်ကျော်ချမ်း ၁၃/တယန(နိုင်)၀၂၁၉၀၅၏သား ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ အထက (မိုင်းယန်း) Grade-10 မှ မောင်ဝန်ကုန်ချိန် ၁၃/တယန(နိုင်)၀၉၈၅၄၇ အား မောင်ဝမ်ကုန်းချိန်ဟု ပြောင်းလဲခေါ်ပါရန်။

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း
တောင်ကြီးမြို့၊ မြို့မရပ်၊ မြို့ပတ်လမ်းနေ (ဦးလှထွေး)-ဒေါ်ထွေးထွေးတို့၏သမီးဖြစ်သူ ဒေါ်ဝသုန်မိုး ၁၃/တကန(နိုင်)၁၈၅၆၀၁သည် မိခင်နှင့် စိတ်သဘောထားခြင်းအကြိမ်ကြိမ်ကွဲလွဲပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စရပ်များကိုမှ တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထွေးထွေး၊ မြို့မရပ်၊ တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း
မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ်(၁၇/၁)၊ ဦးပိုင်အမှတ်(၄၃/ခ-၃၂)၊ မြေဧရိယာ(၀ဒသမ၁၁၁)ဧကရှိ မြေကွက်သည် ဦးအောင်မိုး၊ ဒေါ်မြင့်မြင့်ငွေး၊ ဦးသန့်ဇင်မိုးတို့မှ ပိုင်ဆိုင်သည့် ခြံမြေကွက်ဖြစ်ကြောင်း၊ အဆိုပါ ခြံမြေကွက်ကို ဒေါ်မြင့်မြင့်ငွေး တစ်ဦးတည်းအမည်ဖြင့် ဂရန်လျှောက်ထားမည့်အပေါ် ဦးအောင်မိုးနှင့် ဦးသန့်ဇင်မိုးတို့မှ ကန့်ကွက်ရန်မရှိကြောင်း လက်မှတ်ရေးထိုးထားပြီးဖြစ်သည့်အတွက် ဒေါ်မြင့်မြင့်ငွေးအမည်ဖြင့် ဂရန်ရရှိရေးအတွက် (၂၅-၆-၂၀၂၀)ရက်စွဲပါကျမ်းကျိန်လွှာအမှတ်၊ ၆၉၀/၂၀၂၀ ကို (၃၀-၆-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၃၀၆/၂၀၂၀)ပြုဆိုတင်ပြလျက် မြေငှားဂရန်အသစ်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ တတိုင်းမွှေးလမ်း၊ တိုက်အမှတ်(၇၄/၂)၊အခန်း-မြေညီထပ်+ထပ်ခိုးပါ(ခြေရင်းခန်း)၊အကျယ်အဝန်း(၁၃.၅ပေ× ၅၄ပေ)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်သက်လွင် (၁၂/ပဘတ (နိုင်)၀၂၅၇၀၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက် အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင် ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**ဒေါ်လင်းလင်းထက်** LL.B, အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
**Hein Htet San Law Firm** ၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ | | | | | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/ အမည် | ဦးပိုင် အမှတ် | ဧရိယာ (ဧက) | |
| ၁။ | ဒေါ်မိုးမြမြ | ငွေဆောင် | ရပ်ကွက်-၃ | ၁၉၈၅/ကျောက်ကြီး | N-၄၅ | ၁၂.၉၆ | စက်မှု/စီးပွား |
| ၂။ | ဦးနေဇင်လတ် | ငွေဆောင် | ရပ်ကွက်-၃ | ၁၉၈၅/ကျောက်ကြီး | ၃၁/၁၊ N-၅၂ | ၁၁.၉၁ | စက်မှု/စီးပွား |
| ၃။ | ဦးထွန်းမြင့်နိုင် | ငွေဆောင် | ရပ်ကွက်-၃ | ၁၉၈၅/ကျောက်ကြီး | ၃၁/၂၊ N-၃၉ | ၁၂.၉၉ | စက်မှု/စီးပွား |
| ၄။ | ဒေါ်နန်းသန်းထွေး | ငွေဆောင် | ရပ်ကွက်-၃ | ၁၉၈၅/ကျောက်ကြီးပြင် | N-၁၈ | ၄.၉၆ | စက်မှု/စီးပွား |
| ၅။ | ဦးကိုကိုလတ် | ပုသိမ် | ရပ်ကွက်-၁၁ | ၅၀/သစ်ညိုကုန်း | ၃၈/၉ | ၀.၇၃ | အမည်ပြောင်း |
| ၆။ | ဒေါ်မြင့်မြင့်သန်း | ပုသိမ် | ရပ်ကွက်-၁၃ | ၅၂/ရွှေဝတ်မှုံ | ၁၂၀ | ၀.၁၈၅ | သက်တမ်းတိုး |

အဆိုပါလျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့် နေ့ရက်မှစ၍ ၁၅ ရက် အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ထားပြီးဖြစ်ကြောင်း
## အများသိစေရန် ကြေညာခြင်း
မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ နန်းတည်ကျေးရွာအုပ်စု၊ ရုံးပင်ကျေးရွာနေ ဦးမြင့်ထူး ၉/တသန(နိုင်)၀၂၆၂၈၁ နှင့် ဒေါ်မြခိုင် ၉/တသန(နိုင်) ၀၂၂၉၉၇တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ သားဖြစ်သူ ကိုဇော်ဟိန်း ၉/တသန(နိုင်)၂၄၀၀၆၉သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများအား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သောကြောင့် ၎င်းအား အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်ထားသည်မှာ တစ်နှစ်ခန့်ရှိပြီဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေနှင့် ၎င်း၏ သားမှာ အမွေစားအမွေခံသားအဖြစ် စွန့်လွှတ်ထားပြီးသည့် အချိန်မှစ၍ ယနေ့အချိန်အထိ ဆက်သွယ်ပတ်သက်မှု တစ်စုံတစ်ရာမရှိပါသောကြောင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝမှ မိဘများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ၎င်းအား အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးမြင့်ထူး ၉/တသန(နိုင်)၀၂၆၂၈၁**
**ဒေါ်မြခိုင် ၉/တသန(နိုင်)၀၂၂၉၉၇**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိမ်းအေးဟန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၇၇/၂၀၁၃)**
**အမှတ်(၅)ရပ်ကွက်၊ တောင်သာမြို့၊**
**ဖုန်း-၀၉-၄၀၂၅၂၅၀၄၅**

## ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ကေရာဇ်လမ်း၊ မြေကွက်အမှတ် (၉၇၈)၊ ဧရိယာပေ (၄၀x၆၀)ပါမစ်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း ဧရိယာပေ (၂၀x၆၀) မြေနှင့် ယင်းမြေ၏ အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလှသောင်း ၁၁/ဘသတ(နိုင်)၀၀၀၀၀၃ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရီလျှန်(ခ)ငုတ်လျှန် ၁၂/ကတတ(ပြု)၀၀၀၂၄၈က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေး၊ ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၆၆၁၈/၀၇)**
**ဖုန်း-၀၉-၈၂၀၉၀၁၇၂**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ကြောင်ယာတောတောကျေးရွာနေ ဦးအောင်ဇော်ဦးနှင့်ဒေါ်စုစုမာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာပါသည်-

သားဖြစ်သူ မောင်စိုးသူရအောင် ၈/ခမန(နိုင်)၂၀၆၁၆၃သည် မိဘများ၏ ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိဘဲ ၎င်း၏ဆန္ဒအလျောက်ပြုမူ နေထိုင်ခြင်း ၎င်း၏ စိတ်ဆန္ဒအတိုင်း နေအိမ်မှဆင်းသွားခြင်းများပြုလုပ်သည့်အပြင် ယနေ့ထိတိုင် နေအိမ်သို့ ပြန်လာခြင်း၊ မိဘများထံသို့ပင်ဆက်သွယ်ခြင်းမရှိဘဲ ၎င်း၏စိတ်ဆန္ဒအတိုင်း ပြုမူနေထိုင်ပါသဖြင့် ယနေ့မှစ၍ ၎င်းကိုသားအဖြစ်အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း သို့ဖြစ်ပါ၍ နောက်နောင်မောင်စိုးသူရအောင်၏ ပြုမူဆောင်ရွက်ချက်များသည် မိဘများနှင့်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် ၎င်း၏လူမှုရေး၊ စီးပွားရေးကိစ္စရပ်များကို လိုက်လံဖြေရှင်းပေးခြင်းတို့ ပြုလုပ်တော့မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာ လိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့် (LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၉၇)(၅-၁၂-၂၀၁၉)**
**အမှတ်(၃)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**မြောက်ဥက္ကလာပတရားရုံးအနီး**
**ဖုန်း-၀၉-၄၂၈၁၂၉၄၉၈**

### ဖခင်အမည်မှန်
ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ရှူးကျေးရွာအုပ်စု၊ ရှူးကျေးရွာနေသူ မောင်မောင်ထက် ၁၁/အမန(နိုင်)၀၉၇၃၇၈ ၏ ဖခင်အမည်မှန်မှာ ဦးမောင်သောင်းရွှေ ၁၁/အမန(နိုင်)၀၄၄၂၁၅ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ဒွေးဦး ၂/လကန(နိုင်) ၁၀၉၇၄၅၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၄၅၆၈၆၉၆**

### ပျောက်ဆုံးကြောင်း
ကျွန်မ မနန်းအေးချို ၁၃/ပလန(နိုင်) ၁၁၄၄၆၀၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၆၁၄၁၉၄၇**

### အမည်ပြောင်း
တောင်ကြီးမြို့၊ အထက(၁) Grade(10-A)မှ မပွင့်လွှာဦးအား နန်းဘိုရာဆောင်းဟု ပြောင်းလဲခေါ်ပါရန်။
**နန်းဘိုရာဆောင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း
တောင်ကြီးမြို့၊ အထက(၅)မှ အလယ်တန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်မူမူဝင်းနှင့် ခင်မူမူသိန်း ၁၃/တကန(နိုင်)၀၄၆၀၉၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်မူမူဝင်း(ခ)ခင်မူမူသိန်း**

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၁ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ခုနှစ် မတ်လအထိ (၆)လအတွက် မြန်မာ့ဆေးဝါးလုပ်ငန်းမှ ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း)တို့အတွက် ဆေးဝါးကုန်ကြမ်း(၂၂၃)မျိုးအား နိုင်ငံခြားငွေ(Euro)(L/C)System(Letter of Credit) ဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း သတင်းစာတွင် ထည့်သွင်းကြော်ငြာခဲ့ပြီး ယခုအခါ ဆေးဝါးကုန်ကြမ်း(၁၇)မျိုးအား ထပ်မံတိုးမြှင့် ဝယ်ယူမည်ဖြစ်သဖြင့် စုစုပေါင်း ဆေးဝါးကုန်ကြမ်း(၂၄၀)မျိုးအား အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများအား ၁၂-၁၁-၂၀၂၁ရက်တွင် စတင်ရောင်းချခဲ့ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၁၀-၁၂-၂၀၂၁ရက်(၁၆:၀၀)နာရီဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၃၄၀၈၂၇၆**

## မွန်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မော်လမြိုင်မြို့
## (၂၀၂၁-၂၀၂၂)မီနီဘဏ္ဍာရေးနှစ်
## ဒုတိယအကြိမ် တင်ဒါခေါ်ယူခြင်း

၂၀၂၁-၂၀၂၂ မီနီဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ်၊ လမ်းဦးစီးဌာန၏ လမ်း-တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် မော်လမြိုင်ခရိုင်မှ လုပ်ငန်းသုံးပစ္စည်းတင်ဒါ ဒုတိယအကြိမ်နှင့် သထုံခရိုင်မှ လုပ်ငန်းသုံးပစ္စည်းတင်ဒါ/လုပ်ငန်းတင်ဒါ ဒုတိယအကြိမ် ခေါ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက်** - ၁-၁၂-၂၀၂၁ ရက်မှ ၈-၁၂-၂၀၂၁ ရက်ထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ သထုံခရိုင်၊ သထုံမြို့

(ဂ) **တင်ဒါဖွင့်မည့် ရက်/အချိန်** - ၁၀-၁၂-၂၀၂၁ ရက်(သောကြာနေ့)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**မော်လမြိုင်ခရိုင် ဖုန်း-၀၅၇-၂၄၇၅၉**
**သထုံခရိုင် ဖုန်း-၀၅၇-၄၀၀၄၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၉)၊ ဦးပိုင်အမှတ်(၆-ခ)၊ ၈ လမ်းနှင့် ၉ လမ်းကြား၊ လမ်း ၈၀ နှင့် ရွှေတချောင်းလမ်းကြားရှိ မမွေးအမည်ပေါက် ဘိုးဘမြေကွက်အား အဒေါ်ဖြစ်သူ ဒေါ်မွေး(အပျိုကြီးဘ၀)၊ ဖခင်ဖြစ်သူ ဦးအိုက်စံ၊ မိခင်ဖြစ်သူ ဒေါ်ဆိုင်းလန်တို့အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သောတစ်ဦးတည်းသော(တူ၊ သား)ဖြစ်သူ ဦးထွန်းရင် ၉/မနမ(နိုင်)၀၁၂၈၉၈ က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၉)၊ ဦးပိုင်အမှတ်(၅-ခ)၊ ၈ လမ်းနှင့် ၉ လမ်းကြား၊ လမ်း ၈၀ နှင့် ရွှေတချောင်းလမ်းကြားရှိ မောင်ဆက်၊ မအိမ်သိန်းအမည်ပေါက် ဘိုးဘမြေကွက်အား အဘိုးဖြစ်သူ ဦးဆက်၊ အဘွားဖြစ်သူ ဒေါ်အိမ်သိန်း၊ အဒေါ်ဖြစ်သူ ဒေါ်မွေး(အပျိုကြီးဘ၀)၊ ဖခင်ဖြစ်သူ ဦးအိုက်စံ၊ မိခင်ဖြစ်သူ ဒေါ်ဆိုင်းလန်တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သောတစ်ဦးတည်းသော(သား၊ မြေး)ဖြစ်သူ ဦးထွန်းရင် ၉/မနမ(နိုင်)၀၁၂၈၉၈ က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူ(၁)နေ ဦးသောင်း ၉/ပမန(နိုင်)၁၁၅၁၈၆ ၏သား မောင်ဖြိုးကျော်ထက် ၉/ပမန(နိုင်)၂၃၉၅၀၅သည် မိဘများ ဆိုဆုံးမမှုကို မနာခံဘဲ အိမ်ပေါ်မှ ၁-၂-၂၀၂၁ရက်တွင် မိမိသဘောဖြင့် ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးသောင်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးစုငြိမ်း ၁၂/စခန(နိုင်)၀၄၀၉၄၆ နှင့် ကျွန်မ ဒေါ်ခင်မျိုးဆက် ၁၂/စခန(နိုင်)၀၃၉၇၂၄တို့၏သား မောင်ကောင်းထက်စံ ၁၂/စခန(နိုင်)၀၇၈၄၃၃ သည် မိဘ၏ စကားကိုနားမထောင်ဘဲ ထင်ရာစိုင်းလုပ်ဆောင်သဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘများ**
**ဦးစုငြိမ်းနှင့် ဒေါ်ခင်မျိုးဆက်**
**ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဦးရွှေမှန်(၂)လမ်း၊ အမှတ်(၅၇)၊**
**မုန်မြောက်ရပ်ကွက်၊**

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ စံပြရပ်နေ ဦးမျိုးအောင် ၉/ကပတ(နိုင်)၀၂၀၀၀၆-ဒေါ်သောင်းမြ ၉/ကပတ(နိုင်)၀၂၀၀၀၇ တို့၏သမီး မယဉ်မင်းထွေး ၉/ကပတ (နိုင်)၁၇၀၀၆၁ သည် မိဘများ၏ ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိဘဲ မိမိသဘောဆန္ဒအရ ပြုမူသွားသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာလိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)**

**ဦးမျိုးအောင် ၉/ကပတ(နိုင်)၀၂၀၀၀၆-**
**ဒေါ်သောင်းမြ ၉/ကပတ(နိုင်)၀၂၀၀၀၇**

## မိဘအမည်မှန်

ဒက္ခိဏသီရိမြို့နယ်၊ အထက(၁၉) ဒသမတန်း(C)မှ မောင်ဌေးဝင်းနိုင်၏ မိဘအမည်မှန်မှာ ဦးဇော်ဝမ်း ၉/ပမန (နိုင်)၂၀၅၂၄၁၊ ဒေါ်အေးအေးခိုင် ၉/ပမန (နိုင်)၁၅၄၁၈၉ ဖြစ်ပါကြောင်း။

**ဦးဇော်ဝမ်း-ဒေါ်အေးအေးခိုင်**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဖွဲ့ထက်အောင် ၈/ပမန (နိုင်)၁၂၃၇၅၅၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၅၁၁၈၁၁၇**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်စည်သူဝင်း ၈/မဘန (နိုင်)၁၁၉၅၄၅၏နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ခင်မောင်ချို ၈/သရန (နိုင်)၀၆၅၇၃၉၏နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော်မောင်သန်းထက်အောင် ၈/မဘန (နိုင်)၁၀၂၄၇၆၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်သူရိန် ၈/မသန(နိုင်) ၁၆၄၂၃၀၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၉၁၀၇၂၁**

## မိဘအမည်မှန်

မကွေးအဝေးသင်တက္ကသိုလ်၊ ဒုတိယနှစ် (သတ္တဗေဒ)မှ မောင်မင်းသူအောင်နှင့် မကွေးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ထက်အောင်တို့၏ မိဘအမည်မှန်မှာ ဦးမြင့်သောင်း ၈/ဆဖန (နိုင်)၀၅၄၁၁၅ နှင့် ဒေါ်ရီရီညွန့် ၈/ဆဖန (နိုင်)၀၀၁၁၅၀ ဖြစ်ပါကြောင်း။

**ဦးမြင့်သောင်း-ဒေါ်ရီရီညွန့်**

## ပတ်စ်ပို့ပျောက်

ကျွန်တော်မောင်ထွန်းပြည့်ဦး ၈/ပဖန(နိုင်) ၁၇၀၆၇၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော်မောင်ဇော်မျိုးဝင်း ၈/မလန(နိုင်) ၁၁၁၆၃၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော်မောင်အောင်ချစ်ဦး ၈/မကန(နိုင်) ၂၄၁၆၇၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မအိသန္တာမျိုး ၈/ပဖန(နိုင်)၁၇၃၂၇၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၈၁၆၄၀၅၅**

## ပတ်စ်ပို့ပျောက်

ကျွန်မ မအိရွှေဇင် ၈/စတရ(နိုင်)၀၃၇၉၉၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၈၁၆၄၀၅၅**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ရဲလင်းအောင် ၈/စတရ (နိုင်)၀၃၁၁၇၅၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၈၁၆၄၀၅၅**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာနတွင် အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်ခြင်းအတွက် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းအကြောင်းအရာ | အရေအတွက် |
|---|---|---|
| (က) | မင်္ဂလာတောင်ညွန့်မြို့နယ်၊ 66KV ပုသိမ်ညွှန့်ဓာတ်အားခွဲရုံအတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ 33KV Switch Bay (၁)စုံတည်ဆောက်ခြင်း၊ 33KV ပုသိမ်ညွှန့်-မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖီဒါလိုင်းတည်ဆောက်ခြင်းလုပ်ငန်း | 1-Lot |

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၃၀-၁၂-၂၀၂၁ရက်(၁၃:၀၀)နာရီ

၂။ တင်ဒါပုံစံများကို ၁-၁၂-၂၀၂၁ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို စီမံရေးနှင့် လုပ်ငန်းဌာနခွဲ ဖုန်း-၀၁-၈၆၁၀၂၂၅သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ တင်ဒါပုံစံတရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

**စီမံရေးနှင့် လုပ်ငန်းဌာနခွဲ**
**သိမ်ဖြူသဘော်ာကျင်းဝင်း**
**အမှတ်(၅၅၇/၅၅၉)၊ ကမ်းနားလမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## စမ်းချောင်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၂

၁။ ဦးတင်ဝင်း နှင့် ဦးဘစိန်
၂။ ဒေါ်ခင်ဝင်း
တရားလိုများ တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်(၅)နေ တရားပြိုင် ဦးဘစိန် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ပဋိညာဉ်စာချုပ်ပါအတိုင်း တရားဝင်အရောင်းစာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၃ရက်(၁၃၈၃ခုနှစ် တန်ဆောင်မုန်းလကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မို့မို့အောင်)**
**မြို့နယ်တရားသူကြီး**
**စမ်းချောင်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၁၁၀

ဦးကျော်ဆွေနိုင် နှင့် ၁။ ဒေါ်မြမြသိန်း (၎င်း၏အခွင့်အရကိုယ်စားလှယ် ဒေါ်ဇင်မာနွယ်)
၂။ ဒေါက်တာညွန့်လှိုင်
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဖြဟ္မစိုရ်လမ်း၊ အမှတ်(၉၀၃)နေ (၁)တရားပြိုင် ဒေါ်မြမြသိန်း(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ဇင်မာနွယ်) နှင့် တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်(၁၁)နေ (၂)တရားပြိုင် ဒေါက်တာညွန့်လှိုင် (ယခုနေရပ်လိပ်စာ မသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "မမှန်မကန်အဆိုပြုစွဲဆို၍ လိမ်လည်လှည့်ဖြားရယူခဲ့သော ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၇၇/၂၀၁၅ အမှုမှ ချမှတ်သော စီရင်ချက်နှင့် ဒီကရီအား ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု" အရ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် (၁၃၈၃ ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းညိုရှင်းလင်း)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်-ရေဆင်း(ဦးတင်မိုး) - ဒေါ်စန်းစန်းနွယ်တို့၏သား မောင်ရဲမင်းနိုင် ၉/ဇယသ(နိုင်)၀၀၃၆၉၁ သည် မိဘအပေါ်တွင် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်လုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဒေါ်စန်းစန်းနွယ် ၉/ပမန(နိုင်)၀၈၅၄၈၇**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၁ခုနှစ် တရားမအထွေထွေမှုအမှတ်-၆၆

**ဦးအေဂျီးဇက်** **လျှောက်ထားသူ**
**(ကွယ်လွန်သူမစ္စတာအာရ်တီဖိလစ်(RT.Phillips)၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု)**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ (၈၇) လမ်း၊ အမှတ်(၂၉)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ မစ္စတာအာရ်တီဖိလစ်(RT. Phillips)၏ ကျန်ရစ်သော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ အမှတ်(၂၉)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၁၂F၊ မြေကွက်အမှတ်(၃၁) ဧရိယာ(ပေ၃၀xပေ၆၀)၊ နှစ်(၉၀)ဂရန်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံ(နေအိမ်)နှင့်ပတ်သက်၍ စီမံခန့်ခွဲခွင့် အမိန့်ချမှတ်ပေးပါမည့်အကြောင်းနှင့် ဦးအေဂျီးဇက်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၁၅ရက်(၁၃၈၃ခုနှစ် နတ်တော်လဆန်း ၁၂ရက်) နံနက် ၁၀နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ မစ္စတာအာရ်တီဖိလစ် (RT.Phillips) ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၁၅ရက် (၁၃၈၃ခုနှစ် နတ်တော်လဆန်း ၁၂ရက်) နံနက် ၁၀နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော် လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေစီမံခန့်ခွဲခွင့်လက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇(၂)နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးအေဂျီးဇက်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၁ခုနှစ် နိုဝင်ဘာ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မင်းထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကိုအောင်မျိုးထက် ၇/ပမန(နိုင်)၁၈၃၆၆၁ သိရှိစေရန်
## အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်း၊ ဗိုလ်ဆွန်ပတ်တာဝါ၊ အမှတ် ၆၀၈၊ အခန်း(၈/ဘီ)တွင် ရုံးခန်းဖွင့်လှစ်ထားသည့် E ENTERPRISES LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

E ENTERPRISES LIMITED သည် ကိုအောင်မျိုးထက်အား၁-၁၀-၂၀၁၈ ရက်စွဲပါ အလုပ်ခန့်စာဖြင့် ကုမ္ပဏီ၏ Sale Supervisor (MGW Branch)အဖြစ် ခန့်အပ်တာဝန်ပေးခဲ့ကြောင်း၊ ကိုအောင်မျိုးထက်သည် ကုမ္ပဏီ၏ Sale Supervisor (MGW Branch)အဖြစ် ဆောင်ရွက်နေရာမှ ကုမ္ပဏီသို့ လာရောက်ခြင်း၊ ဆက်သွယ်ခြင်းမရှိဘဲ အကြောင်းမဲ့ပျက်ကွက်ခဲ့ကြောင်း၊ ထို့အပြင် စားသောက်ကုန်ပစ္စည်းများ ရောင်းချရငွေကျပ် ၇,၅၂၂,၅၀၀/-ကို ကုမ္ပဏီသို့ စာရင်းရှင်းလင်းအပ်နှံရန် ပျက်ကွက်ခဲ့ကြောင်းနှင့် ကုမ္ပဏီက ကိုအောင်မျိုးထက်ထံသို့ နည်းလမ်းမျိုးစုံဖြင့် ကြိုးစားဆက်သွယ်ဆောင်ရွက်ခဲ့သော်လည်း ဆက်သွယ်၍ လုံးဝမရကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုအောင်မျိုးထက်အနေဖြင့် စားသောက်ကုန်ပစ္စည်းများ ရောင်းချရငွေကျပ် ၇,၅၂၂,၅၀၀/-ကို ဤသတင်းစာကြော်ငြာပါပြီး (၇)ရက်အတွင်း E ENTERPRISES LIMITED သို့ လာရောက်ဆက်သွယ်ညှိနှိုင်းပေးသွင်းပေးပါရန် အသိပေး ကြေညာအပ်ပါသည်။

**E ENTERPRISES LIMITED**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်ဇော် LL.B,D.B.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၇၈/၁၆)**
**အမှတ်-၅၆၅၊ ပထမထပ်၊ MAC Tower ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၄၂၄၃၂၉၇**

## တံဆိပ်အမည် အမှတ်အသားအား
## မှတ်ပုံတင်သွင်းလျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါ၍
## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)၊ အနီးစခန်း၊ ဖောင်းတောလမ်း၊ အိမ်အမှတ်(၃၆၉)နေ ဦးမောင်တင့်မှ ချိုလေး တံဆိပ်အမည် အမှတ်အသားဖြင့် ရေခဲမုန့်၊ ရေသန့်၊ ရေခဲနှင့် ဖျော်ရည်မျိုးစုံလုပ်ငန်းထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပြီး အဆိုပါ တံဆိပ်အမည်အမှတ်အသားအား ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်း လျှောက်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမောင်တင့် ၉/မနမ(နိုင်)၀၅၆၈၁၄**
**အိမ်အမှတ်(၃၆၉)၊ ဖောင်းတောလမ်း၊ ရပ်ကွက်ကြီး(၁၇/အနီးစခန်း)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးကြင်စိုး ၁၂/ကမရ(နိုင်)၀၃၃၆၃၈ နှင့် ဦးဇော်လင်းစိုး ၁၂/ကမရ(နိုင်)၀၃၃၆၃၆ နှစ်ဦးတို့ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ အလုံလမ်း၊ အမှတ်(၂၃၂)ရှိ အခန်းအမှတ်(၁၀၉)၊ Orchid Condo တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချခြင်း၊ ပေးကမ်းခြင်းပြုလုပ်ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ၁၄ ရက်အတွင်း ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်လမ်းရှိ တော်ဝင်စင်တာရုံးခန်းနှင့် ကျွန်ုပ်၏မိတ်ဆွေများထံသို့ ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်အေး**
**အထက်တန်းရှေ့နေ၊ စဉ်-၁၉၁၂၁(၃၀-၆-၂၀၀၄)**
**အမှတ်(၂၂၄၈/ခ)၊ ဇေယျာဝတီ(၇)လမ်း၊**
**(၁၂)ရပ်ကွက်၊ သာကေတ၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၃၀၇၃၃၁၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ မြေနီကုန်းရပ်၊ ရန်အောင်လမ်း၊ အမှတ်(၂၁)နေ ဦးသန်းစိုး-ဒေါ်အေးအေးခိုင်တို့၏သား မောင်လင်းနိုင်ထွန်း ၁၀/မလမ(နိုင်)၂၆၀၃၆၀ သည် မိဘများ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဝင်းအေး(တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၀၂၄၃(၂၇-၁-၂၀၁၅)**
**အမှတ်(၅၅)၊ တက္ကသိုလ်ပတ်လမ်း၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၉-၄၂၅၃၆၃၈၈၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊
- (ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**
- (က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

### ၂၅-၁၁-၂၀၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်

| | |
|---|---|
| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် | ၄၈၂ ဦး |
| ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ | ၉ ဦး |
| ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်း | ၁.၈၇ % |

**NUG အကြမ်းဖက်အဖွဲ့၏ ထောက်ပံ့စေခိုင်းမှုဖြင့် KNU နယ်မြေအချို့တွင် အကြမ်းဖက် ဖောက်ခွဲရေးသင်တန်းများ ဖွင့်လှစ်**

စာ - ၁၀

**တောင်ကြီးမြို့၌ ငွေကျပ် ၂ ဒသမ ၂၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ**

စာ - ၁၈

## အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကပိုင်ဘဏ်များ ပျက်စီးဆုံးရှုံးခဲ့ရ

နေပြည်တော် နိုဝင်ဘာ ၂၅

CRPH နှင့် NUG အမည်ခံအကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သောဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့်သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကပိုင်ဘဏ်များကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများအား လုယက်ခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် စာမျက်နှာ ၈ ကော်လံ ၁ ❑






၅-၁၁-၂၀၂၁ ရက်တွင် မရမ်းကုန်းမြို့နယ် KBZ ဘဏ် ATM စက်၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားစဉ်။

## ပီအက်စ်ဂျီကိုနိုင်ပြီး ၁၆ သင်းအဆင့်သို့ အုပ်စုပထမဖြင့် မန်စီးတီးအသင်း တက်လှမ်း

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အုပ်စုပွဲစဉ် (၅) အဖြစ် အုပ်စု (A) မှ မန်စီးတီးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ပွဲစဉ်ကို နိုဝင်ဘာ ၂၅ ရက်က အီတီဟက်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အုပ်စုပွဲစဉ်များ မပြီးဆုံးမီ ရမှတ် ၁၂ မှတ် နှင့်အတူ အုပ်စုပထမဖြင့် ၁၆ သင်း အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ပီအက်စ်ဂျီအသင်း အနေဖြင့် ယခုပွဲစဉ်တွင် မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့သော်လည်း ရမှတ် ရှစ်မှတ်နှင့်အတူ အုပ်စုဒုတိယဖြင့် စာမျက်နှာ ၁၇ ကော်လံ ၅ ✳



မန်စီးတီးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

## ဇီယက်နမ်ဆီးဂိမ်းပြိုင်ပွဲဝင်အသင်းများ ပြင်ဆင်မှုဖြစ်စေရန် အာဆီယံ ယူ-၂၂ အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် လာမည့်နှစ်မေလတွင် ပြန်လည်ကျင်းပမည့် (၃၁) ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲဝင်အသင်းများ ပြင်ဆင်မှုဖြစ်စေရန် အာဆီယံ ယူ-၂၂ အမျိုးသားဘောလုံး ပြိုင်ပွဲကျင်းပမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို တတိယအကြိမ်ကျင်းပမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၆ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲအကြို ကျင်းပခြင်းဖြစ်သောကြောင့် အရှေ့တောင်အာရှအသင်းအားလုံး ယှဉ်ပြိုင်ဖွယ်ရှိနေပြီး ဆီးဂိမ်းပြိုင်ပွဲကို မေလတွင် ကျင်းပရန် စီစဉ်ထားသဖြင့် နှစ်လကျော်အလိုတွင် ပြုလုပ်ခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၀၅ ခုနှစ်က စာမျက်နှာ ၁၇ ကော်လံ ၁ ✳